


ကျေးဇူးတော်ရှင် မဟာထေရ် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မိုးကုတ်မြို့၌ ဟောကြားတော်မူသော တရားတော်

# ကမ္မဋ္ဌာန်းရွေးနည်း
# ဝိပဿနာရှုနည်း

(ယောဂီသစ်များအတွက်)

၁၂၇

ကျေးရွာတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
မိုးကုတ်မြို့၌ ဟောကြားသောတရားတော်
# ကမ္မဋ္ဌာန်းရွေးနည်း၊ ဝိပဿနာရှုနည်း
(ယောဂီသစ်များအတွက်)

ဝိပဿနာ ရှုနည်း သင်တော့မယ်ဆိုတော့ သတိပဋ္ဌာန် လေးပါးနဲ့ ဝေဖန်ရလိမ့်မယ်။

ကာယာနုပဿနာဆိုတာ ရုပ်ကိုရှုတယ်၊ ဝေဒနာနုပဿနာဆိုတာက...(ဝေဒနာကိုရှုတာပါဘုရား) အေး–စိတ္တာနုပဿနာဆိုတာက...(စိတ်ကိုရှုတာပါဘုရား) ဓမ္မာနုပဿနာဆိုတာက သညာ, သင်္ခါရ, နှစ်ခုကို...(ရှုတာပါဘုရား)။

## သတိပဋ္ဌာန်လေးပါး

သတိပဋ္ဌာန်နဲ့ ဝေဖန်လိုက်တော့ ခန္ဓာငါးပါးက လေးပါး ဖြစ်တယ်...(မှန်ပါ့) ခန္ဓာငါးပါးက ဘယ်နှစ်ပါး ဖြစ်သွားလဲ ...(လေးပါးဖြစ်သွားပါတယ်ဘုရား) ရုပ်ကိုရှုရင်...(ကာယာနုပဿနာပါဘုရား) ဝေဒနာကိုရှုရင်...(ဝေဒနာနုပဿနာပါဘုရား)။

သညာနဲ့ သင်္ခါရတွဲနေတာရှုရင်...(ဓမ္မာနုပဿနာပါဘုရား) ကဲ–စိတ်ဆိုတဲ့ ဝိညာဏ်ကို ရှုရင်...(ဓမ္မာနုပဿနာပါဘုရား) သတိပဋ္ဌာန်ထဲ ဝင်သွားပြန်ပြီ ကိုစောမောင်၊ ဩော်– သတိပဋ္ဌာန်ဆိုတော့ တခြားလား အောက်မေ့နေတယ်၊ ခန္ဓာငါးပါး လေးပုံပုံတာကို(မှန်ပါ့) ရှင်းပလား...(ရှင်းပါပြီဘုရား) သတိပဋ္ဌာန်ဆိုတာ ဘာပါလိမ့်...(ခန္ဓာငါးပါးကို လေးပုံပုံပါဘုရား)။

## လောဘအားကြီးတဲ့ပုဂ္ဂိုလ်

ကိုပေါ်, ကိုစောမောင်ရ လေးပုံပုံရလိမ့်မယ်...(မှန်ပါ့) ပုံချင်လို့ ပုံတာမဟုတ်ဘူး၊ ဦးဘရှင်းက သေသေချာချာမှတ်၊ ဘဝများစွာ သံသရာထဲက လောအားကြီးတဲ့ပုဂ္ဂိုလ် ဝေဒနာ ရှုပေးမယ်၊ ဘုရားဆိုတော့ မပုံရပေဖူးလား...(ပုံရပါတယ်ဘုရား) ပုံရလိမ့်မယ်၊ ရှင်းပလား...(ရှင်းပါတယ်ဘုရား)ဒိဋ္ဌိအားကြီးတဲ့ပုဂ္ဂိုလ် ဘဝများစွာ သံသရာက ဒိဋ္ဌိအစွဲသန်တဲ့ ပုဂ္ဂိုလ် ကျတော့ စိတ္တာနုပဿနာ ရှုပေးရလိမ့်မယ်...(မှန်ပါ့)။

## ဉာဏ်ထိုင်းတဲ့ပုဂ္ဂိုလ်

သဘောကျပလား...(ကျပါတယ်ဘုရား) ဉာဏ်နံ့တဲ့ပုဂ္ဂိုလ်ကျတော့ရင်ဖြင့် ရုပ်ကို ပေးရလိမ့်မယ်...(မှန်ပါ့) ဉာဏ်အထက်ဆုံးပုဂ္ဂိုလ်ကျလို့ရှိရင်ဖြင့် ဒီ–ဓမ္မာနုပဿနာ ပေးရလိမ့်မယ်...(မှန်ပါ့) ရှင်းပလား...(ရှင်းပါတယ်ဘုရား) အဲတော့ သတိပဋ္ဌာန်က ဘယ်နှစ်မျိုးပုံမတုံးဆိုတော့...(လေးမျိုးပုံမှပါဘုရား) ကဲ–ဒါဖြင့် ဒကာဒကာမတို့၊ လောဘများတဲ့ပုဂ္ဂိုလ်ကျတော့၊ ဘာပေးရမယ် (ဝေဒနာနုပဿနာပါဘုရား)။

## ဒိဋ္ဌိများတဲ့ ပုဂ္ဂိုလ်

ဒိဋ္ဌိများတဲ့ ပုဂ္ဂိုလ်ကျတော့ (စိတ္တာနုပဿနာ ပေးရပါမယ်ဘုရား) ဉာဏ်နံ့တဲ့ ပုဂ္ဂိုလ်ကျတော့ (ကာယာနုပဿနာပေးရပါမယ်ဘုရား) ကာယာနုပဿနာ ပေးရမယ်တဲ့ (မှန်ပါ့) ဘာကြောင့်တုံးဆိုတော့ အစိုင်အခဲရှိနေလို့ သူက မြင်လွယ်တယ်...(မှန်ပါ့) သဘောကျပလား...(ကျပါဘုရား) ဉာဏ်ထက်တဲ့ပုဂ္ဂိုလ်ကျတော့ သူများနဲ့ တန်းမတူတဲ့ ပုဂ္ဂိုလ် ဓမ္မာနုပဿနာပေးရမယ်...(မှန်ပါ့)။

ရှင်းကြပလား...(ရှင်းပါပြီဘုရား) ပေါ်ကြပလား...(ပေါ်ပါပြီဘုရား) ဩော်–ဒါဖြင့် ခန္ဓာငါးပါးချုံးလိုက်ပြန်တော့ ကိုစံလှ ဘယ်နှစ်မျိုးတွေ့တုံး...(လေးမျိုးတွေ့ပါတယ်ဘုရား) လေးမျိုးက မျိုးချင်လို့ မျိုးရတာလားလို့ မေးတဲ့အခါကျတော့ သတ္တဝါတွေ စရိုက်မတူလို့ (မှန်ပါ့) ရှင်းပလား... (ရှင်းပါပြီ

ဘုရား) ဘယ်လိုပါလိမ့်...သတ္တဝါတွေစရိုက်မတူလို့ပါဘုရား)။

သတ္တဝါစရိုက်မတူတာနဲ့ လေးမျိုးပြားလိုက်ရတယ်... (မှန်ပါ့) တရားဟာ အားလုံးပဲ ကိုစောမောင်တို့ သိပြီးသား ရမ်းပေးလို့ မဖြစ်ဘူး...(မှန်ပါ့) မဟုတ်ဘူးလား၊ တချို့ယော ဂီတွေ အမျိုးမျိုးအဖုံဖုံ ရှိကြပါတယ်၊ သူတို့ဆီရောက်ရင် သူတို့ ဟာပေးတာပဲ၊ ဘာစရိုက်–ဘာစရိုက်ရွေးသလား...(မရွေး ပါဘုရား) ဒါဖြင့် ကိုက်ပါ့မလား...(မကိုက်နိုင်ပါဘုရား)။

## ဆရာကောင်းဖို့ အရေးကြီးတယ်

မကိုက်ဘူးတဲ့၊ ဒါတွေကို ခင်ဗျားတို့က စဉ်းစား ရှေ့နောက်အစဉ်လွှဲလို့ မှားတာက တစ်မျိုး၊ ကမ္မဋ္ဌာန်းအပေးလွှဲလို့ ...(မှားတာကတစ်မျိုးပါဘုရား) ဒါဖြင့် မှားစရာအချက်တွေက ဘယ်လောက်များတုံး...(များပါတယ်ဘုရား) အင်မတန်များ တယ်ဆိုတာ ပေါ်ပလား...(ပေါ်ပါတယ်ဘုရား)ကဲ–ဒါဖြင့် ဉာဏ်နဲ့ ကြပ်ကြပ်စဉ်းစားပြီးသကာလ ဩော်–တို့ နိဗ္ဗာန်ကြီးကို လိုချင်ပြားသော်လည်း...ဒုက္ခခပ်သိမ်းငြိမ်းတဲ့ နိဗ္ဗာန်ကို လိုချင် ပြားသော်လဲ၊ ခေါင်းဆောင်ကောင်း တော်တော်အရေးကြီးတယ်။

## အလကားဆရာမျိုးကို ရှောင်ပါ

ကိုစောမောင်၊ ကိုစံလှတို့ သိသွားပြီ...(မှန်ပါ့) မသိဘူး လား...(သိပါပြီဘုရား) အခု ဘယ်လိုသိရတုံးဆိုတော့ ဒိဋ္ဌိမခွာ ဘဲနဲ့ ဝိပဿနာရှုနေသော်လဲ အလကားဝိပဿနာ...(မှန်ပါ့) မဆိုနိုင်ဘူးလား...(ဆိုနိုင်ပါတယ်ဘုရား) စရိုက်မသိဘဲနဲ့ ကမ္မ

ဌာန်းပေးနေလို့ရှိရင်လဲ၊ အလကားဆရာဖြစ်ရမယ်။

ဘာဖြစ်လို့ အလကားဆရာဖြစ်ရတုံးဆိုတော့၊ ဒီအားထုတ်တဲ့ပုဂ္ဂိုလ် ပန်းရုံပဲ...(မှန်ပါ့) ကိုစောမောင် ဘယ်လိုဆိုကြမယ်...(အားထုတ်တဲ့ပုဂ္ဂိုလ် ပန်းရုံပါပဲဘုရား) ပင်ပန်းရုံပဲတဲ့၊ ဘုရားက သတိပဋ္ဌာန်လေးပါး ဘာဖြစ်လို့ ဝေဖန်ရတုံးဆိုတော့ စရိုက်နဲ့ ဝေဖန်တာ(မှန်ပါ့)စရိုက်နဲ့ ဉာဏ်အနုံ့အထက်နဲ့ ဝေဖန်တာ၊ ပေါ်ပလား...(ပေါ်ပါပြီဘုရား)။

## သတ္တဝါစရိုက်တွေ မတူဘူး

တရားပေးတဲ့အခါ မတူဘူးဆိုတဲ့ သတ္တဝါ စရိုက်တွေ မတူဘူးဆိုတာ သိပြီးဝေဖန်တဲ့ အစီဗ္ဗာယ်ပဲ...(မှန်ပါ့) ရှင်းပြီနော်...(ရှင်းပါဘုရား) အဲဒါ ဘုန်းကြီးတို့ ဒီမှာ တခါတလေ တချို့ဝေဒနာပေးတယ်၊ တချို့ကျတော့ စိတ်ပေးတယ်၊ သူ့စရိုက်ကို အကဲခတ်ရတာကို...(မှန်ပါ့) ကိုစောမောင် မပေးရဘူးလား...(ပေးရပါတယ်ဘုရား) အင်း တချို့ကျတော့လည်း ရုပ်ကို ပေးရတယ်၊ တချို့ကျတော့လည်း သစ္စာပိုင်းက ချည်းပေးရတယ်၊ ဓမ္မာနုပဿနာက သစ္စာ၊ ရှင်းပလား...(ရှင်းပါဘုရား)။

အင်း–မင်းဒုက္ခသစ္စာကြီး ရှုစမ်း ဒီလိုလည်း ပေးရတာရှိတယ် သဘောပါပလာ...(ပါပါပြီဘုရား)။

## စရိုက်နဲ့တော်တဲ့ ကမ္မဋ္ဌာန်းကို ပေးပါ

ကဲ–ဒါဖြင့် ဒကာဒကာမတို့ သတိပဋ္ဌာန်လေးပါး ပြန်ကောက်ကြဦးစို့နော်၊ ဘယ့်နှယ်ကြောင့် လေးပါး ဝေဖန်ရပါလိမ့် ...(သတ္တဝါတို့၏ စရိုက်ကြောင့်ပါဘုရား)။

သတ္တဝါတို့၏ စရိုက်ကြောင့်နော်၊ ဒါဖြင့် သတ္တဝါစရိုက် သူ့စရိုက်နဲ့တော်တဲ့ ကမ္မဋ္ဌာန်း သူ့ပေး၊ ရှင်းပလား ...(ရှင်းပါပြီဘုရား) သူ့စရိုက် တော်တဲ့ ကမ္မဋ္ဌာန်းကို ...(သူ့ပေးရမှာပါဘုရား) သူ့စရိုက်နဲ့ မတော်တဲ့ ကမ္မဋ္ဌာန်းကို သူ့ပေးမိလို့ရှိရင်ဖြင့် မျောက် အုန်းသီးရဖြစ်လိမ့်မယ် ...(မှန်ပါ) ရှင်းပလား ...(ရှင်းပါပြီဘုရား) မျောကအုန်းသီးရတော့ ကိုစံလှ ဘယ့်နှယ်တုံး ...(မခွဲစားတတ်ပါဘုရား)။

ပါးစပ်နဲ့ ကိုက်ရမှာလည်း ခက်၊ သဘောကျပလား ...(ကျပါပြီဘုရား) ပေါက်ခွဲလို့ရှိရင်ကော ရပါ့မလား ...(မရပါဘုရား) အဲ သူ့စရိုက်နဲ့ မတော်တဲ့ ကမ္မဋ္ဌာန်းဆရာက ပေးမိလို့ရှိရင် ခင်ဗျားတို့ မျောက်အုန်းသီးရ ဖြစ်လိမ့်မယ်ဆိုတာ ပေါ်ပလား ...(ပေါ်ပါပြီဘုရား) ရှင်းပြီနော် ...(ရှင်းပါပြီဘုရား) ဒါဖြင့် ကိုစောမောင်ရေ ဟောတဲ့ ဆရာဘုန်းကြီးက အစုံဟောလိမ့်မယ် ...(မှန်ပါ)။

## အချဉ်ကြိုက်ရင် ဒေါ်သသမား

အစုံဟောမယ်၊ ကာယာနုပဿနာလည်း ဟော–ဝေဒနာနုပဿနာလည်း ဟော–စိတ္တာနုပဿနာလည်း ဟော–

ဓမ္မာနုပဿနာလည်း ဟော အကုန်ဟောလိမ့်မယ်...(မှန်ပါ) ဟောတဲ့အခါကျလို့ရှိရင် ခင်ဗျားတို့က အချဉ်ကြိုက်လို့ရှိရင် ဒေါသသမားလို့မှတ် သဘောကျပလား...(ကျပါပြီဘုရား) အချို ကြိုက်လို့ရှိရင် လောဘသမား...(မှန်ပါ) အချိုကြိုက်ရင်... (လောဘသမားပါဘုရား)။

## အချိုကြိုက်ရင် လောဘသမား

အချိုများများ ကြိုက်ရင်...(လောဘသမားပါဘုရား) အဆိမ့်ကြိုက်ရင် မောဟသမားပါ၊ သဘောကျပလား...(ကျပါပြီ ဘုရား) အခါးတို့ အဆိမ့်တို့ ကြိုက်ရင်...(မောဟသမားပါ ဘုရား) အဲဒါ ကိုယ့်အစာနဲ့ ကိုယ်အကဲခတ်၊ အိမ်ကျတော့မှ အကဲခတ် ဒီဥစ္စာကို ရိပ်မိပလား...(ရိပ်မိပါပြီဘုရား) အေး- အိမ်ကျတော့ ကဲ-အချဉ်ကြိုက်ရင် ဘာပါလိမ့်...(ဒေါသ သမားပါဘုရား)။

## အခါးနှင့်အဆိမ့်ကြိုက်ရင် မောဟသမား

အချိုကြိုက်ရင်...(လောဘသမားပါဘုရား) အင်း အခါး တို့ အဆိမ့်တို့ကြိုက်ရင်...(မောဟသမားပါဘုရား) လောဘ, ဒေါသ မောဟတော့ မသေချာဘူးလား...(သေချာပါတယ် ဘုရား) ဒါ သူ့စရိုက်နဲ့ သူစားတယ်၊ သူ့စရိုက်နဲ့ သူစားတယ်ဆို တာ ရိပ်မိပလား...(ရိပ်မိပါပြီဘုရား) အဲ-လောဘသမားဖြစ် ခဲ့လို့ရှိရင် ဝေဒနာနုပဿနာ ကမ္မဋ္ဌာန်း သူကိုင်ရမယ်။

## ဒေါသရှိရင် ဓမ္မာနုပဿနာရှု

ကိုင်း ဒေါသသမားလည်း ဉာဏ်နဲ့ နီးတယ်၊ ဒေါသသမား ဆိုရင် ဓမ္မာနုပဿနာပေးရမယ်၊ သူက ငါမလုပ်တော့ဘူးဆို လို့ရှိရင် ဒေါသသမားက မလုပ်တော့ဘူး၊ ပျော့နဲ့ပြီးသကာလ ဟိုကပ်ဒီကပ် လုပ်မနေတော့ဘူး၊ မလုပ်ဆို မလုပ်ဘူးပော့၊ ဒါ–ဒေါသသမား၊ အဲ–ဒေါသဖြတ်လိုက်လို့ရှိရင် ဉာဏ်ဘက်လှည့် သွားတယ် သဘောကျပလား...(ကျပါတယ်ဘုရား) ကောင်းပြီ ဒါဖြင့် ဒကာဒကာမတို့ ကိုယ့်ဟာကိုယ် ချိန်တဲ့ အခါကျလို့ရှိ ရင် ဒါ တချို့ကျတော့လည်း အလုပ်တစ်ခု လုပ်မယ်ကြံလို့ရှိရင် ကြံလုံးဖန်လုံးတွေရှိသေးတယ်၊ ဖြန်းခနဲ အလုပ်မသွားသေးဘူး အဲဒီဥစ္စာကျတော့ ဝိတက်သမား ဝိတက်စရိုက်ရှိတယ် သဘော ကျပလား...(ကျပါပြီဘုရား) ဝိတက်စရိုက်ရှိတဲ့ အခါကျတော့ ကာယာနုပဿနာဖြစ်တဲ့ အာနာပါနစလုပ်...(မှန်ပါ) ဒါမှ ရမယ်၊ နို့မို့လို့ရှိရင် ကမ္မဋ္ဌာန်းလွဲမယ်။

သဘောပါပလား...(ပါ,ပါဘုရား) ဒါပြင့် ကမ္မဋ္ဌာန်းနဲ့ လူဟာလည်း လူနဲ့တော့ မဟုတ်ဘူးပေါ့ဗျာ စရိုက်နဲ့၊ စရိုက် ဆိုတာက သေသေချာချာမှတ်ပါ၊ ဘဝများစွာက အမြဲတမ်း အထုံပါလာတယ်၊ ဘယ်လိုဆိုကြမယ်...(ဘဝများစွာက အထုံ ပါလာတာပါဘုရား) အထုံက ဘယ်နည်းနဲ့မှ မစွန့်ဘူး၊ ရှင်သာရိပုတ္တရာ ချောင်းခုန်သလိုမှတ်ပါ။ ရဟန္တာဖြစ်တာတောင် ...(ချောင်းခုန်ကူးပါတယ်ဘုရား)။

## အရေးကြီးတဲ့ ရွေးနည်း

မျောက်ဖြစ်ခဲ့တာ များလွန်းလို့ဆိုတော့ သေချာမနေဘူးလား...(သေချာပါတယ်ဘုရား) သဘောပါကြပလား...(ပါ၊ ပါ့ဘုရား) အဲတော့ ဒကာဒကာမတို့တဲ့ အင်မတန်အရေးကြီးတဲ့ ရွေးနည်းပါပဲ၊ ကိုစောမောင် ရွေးတတ်ပလား...(ရွေးတတ်ပါပြီဘုရား) ရွေးတတ်လို့ရှိရင် ဒီဥစ္စာ ဘုန်းကြီးက အစုံပေးပြောသော်လည်း၊ တရားဟောတဲ့ ဘုန်းကြီးက အစုံပေးပြောသော်လည်း ခင်ဗျားတို့က ကိုယ့်စရိုက်နဲ့ကိုယ်–ကိုယ်ကြိုက်တဲ့၊ ဝေဒနာကြိုက်ရင် ဝေဒနာရှုပါ၊ ကိုယ့်စရိုက်နဲ့ လိုက်တာရှု...(မှန်ပါ) သဘောကျပလား...(ကျပါပြီဘုရား) အင်း–ဒီဋ္ဌိများလို့ရှိရင် စိတ္တာနုပဿနာရှုရလိမ့်မယ်၊ ပညာစရိုက်များတဲ့ပုဂ္ဂိုလ် သစ္စာရှု ...(မှန်ပါ) သဘောကျပလား...(ကျပါပြီဘုရား) ဉာဏ်နုံ့တဲ့ပုဂ္ဂိုလ် ရုပ်ရှု၊ ပေါ်ကြပလား...(ပေါ်ပါပြီဘုရား)။

သတိပဋ္ဌာန်းလေးပါးဟာ စရိုက်လိုက်ပြီး ထားရတယ်ဆိုပြီးသကာလ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဟောတယ်နော်...(မှန်ပါ) သတိပဋ္ဌာန်လေးပါးထားရတာ ဘယ်လိုကြောင့်လေးပါးဖြစ်လာပါလိမ့်...(စရိုက်မတူလို့ပါဘုရား) စရိုက်က အမျိုးမျိုးရှိတယ်လို့ ကိုစံလှ၊ ကိုစောမောင် မှတ်ထားရမယ် ...(မှန်ပါ)။

## စရိုက်ခြောက်ပါး

တချို့က ရာဂစရိုက် လောဘအားကြီးတယ်၊ တချို့တော့ လည်း ဒေါသစရိုက်အားကြီးတယ်၊ တချို့က မောဟစရိုက် ရှိတယ်၊ စရိုက်သုံးပါး မနေဘူးလား...(နေပါတယ်ဘုရား) တချို့က သဒ္ဓါစရိုက်ရှိတယ်၊ တချို့က ဝိတက်စရိုက်ရှိတယ်၊ တချို့က ပညာစရိုက်ရှိတယ်၊ စရိုက်ခြောက်ပါး မှတ်မိကြပလား ...(မှတ်မိပါတယ်ဘုရား)။

## သဒ္ဓါစရိုက်ဆိုတာ

လောဘစရိုက်–ဒေါသစရိုက်–မောဟစရိုက်–ဒါက လူ တိုင်းသိပြီးသား၊ သဒ္ဓါစရိုက်ဆိုတာက သဒ္ဓါတရားလွန်ကဲနေတာ ဘဲ၊ သူဟာ ပညာမပါဘူး၊ ဒီလိုကော မရှိဘူးလား...(ရှိပါတယ် ဘုရား) ဘုရားချည်းပဲကြည်ညိုနေတာပဲတစ်ခါးတည်း လူမြင်ရ လို့ရှိရင်လည်း တစ်ခါတည်း သက်ကြီးဝါကြီးလည်း ကြည်ညိုနေ တာပဲ...(မှန်ပါ) သဒ္ဓါစရိုက်သာ အားကြီးနေတာပဲ ပညာက မပါဘူး...(မှန်ပါ)။

## ဝိတက်စရိုက်ဆိုတာ အကြံအစည်များတာ

ဒီလိုလည်း ရှိရသေးတယ်...(မှန်ပါ) ဝိတက်စရိုက်ဆိုတဲ့ ဥစ္စာလည်း ကိုစောမောင် သူ့တွေ့လိုက်လို့ရှိရင် ကြံဖန်နေ တာနဲ့ပဲ ပြီးသွားတာပဲ၊ ပွားရတယ် ရှုရတယ်မရှိဘူး...(မှန် ပါ) ဒီလို ဝိတက်စရိုက်လည်း မရှိဘူးလား...(ရှိပါတယ်ဘုရား)

ပညာစရိုက်ဆိုတာကတော့ ထိုးထိုးထွင်းထွင်း သူက လာတယ်၊ သဘောကျပလား(ကျပါတယ်ဘုရား) အဲတော့ စရိုက်က ခြောက်ပါးရှိတယ်။

## လောဘစရိုက်ရှိရင် ဝေဒနာနုပဿနာ

စရိုက်ခြောက်ပါးရှိတော့ လောဘစရိုက်ရှိတဲ့ ပုဂ္ဂိုလ်မှာ ဝေဒနာနုပဿနာရှု...(မှန်ပါ) ရှင်းပလား...(ရှင်းပါပြီဘုရား) လောဘစရိုက်ရှိတဲ့ပုဂ္ဂိုလ်...(ဝေဒနာနုပဿနာရှုရပါမယ်ဘုရား) ဩော်–ဘယ့်နှယ်ကြောင့်ပါလိမ့်မတုံးဆိုတော့ ဝေဒနာနိရောဓော ဖြစ်မှ တဏှာနိရောဓော ဖြစ်မှာကိုး...(မှန်ပါဘုရား) ကိုစောမောင် ဝေဒနာနိရောဓောဖြစ်မှ...(တဏှာနိရောဓောဖြစ်မှာပါဘုရား)။

သူ့ကို ဝေဒနာကမ္မဋ္ဌာန်းပေးပါ...(မှန်ပါ) ဒကာဒကာမတို့ ဘာပေးကြမတုံး...(ဝေဒနာကမ္မဋ္ဌာန်းပေးရမှာပါဘုရား) ရှင်းပြီနော်...(မှန်ပါ) ဦးဘရှင်း ဒီလိုမှ တည်အောင် မပေးလို့ရှိရင်လည်း ဒီပုဂ္ဂိုလ်ဟာ လွဲနေမှာပဲ...(မှန်ပါ) လွဲနေလို့ရှိရင်ဖြင့် ဦးဘကလေးတို့က စဉ်းစားတာပေါ့၊ ဩော်–အချိန်ကြာသလောက် ခရီးမပေါက်ဘူး၊ မဆိုထိုက်ဘူးလား...(ဆိုထိုက်ပါတယ်ဘုရား)။

## ဒေါသစရိုက်ရှိရင် စိတ္တာနုပဿနာ

ကိုစောမောင် ရှင်သာရိပုတ္တရာတောင် အချိန်လွဲပါတယ်ဆိုတာ ပြောထားပေါ့၊ ကိုစံလှ ရိပ်မိပလား...(ရိပ်မိပါဘုရား) ဒေါသစရိုက်ရှိလာတဲ့ ပုဂ္ဂိုလ်ကျလို့ရှိရင် ပညာနဲ့ နီးပါတယ်နော်

...(မှန်ပါ) ဒေါသစရိုက် ရှိနေတဲ့ပုဂ္ဂိုလ်ပညာနဲ့ နီးတယ်ဆို လို့ရှိရင်ဖြင့် ဒကာဒကာမတို့ မေတ္တာနုပဿနာ ဒုက္ခသစ္စာပေး ...(မှန်ပါ) ရှင်းပလား (ရှင်းပါတယ်ဘုရား) မောဟစရိုက်ရှိတဲ့ ပုဂ္ဂိုလ် ကိုစောမောင် မလာဘူးလား...(လာပါတယ်ဘုရား)။

## မောဟစရိုက်ရှိရင် ကာယာနုပဿနာ

မောဟစရိုက်ရှိတဲ့ ပုဂ္ဂိုလ်ကျတော့ အင်မတန် ဉာဏ်မ လေးပေဘူးလား၊ အဲဒီပုဂ္ဂိုလ်ကျတော့ ခုနင်ကလေးလေးဖြစ်တဲ့၊ အဖြစ်ကလည်း နှေး-အပျက်ကလည်းနှေးနဲ့၊ ရုပ်တရားများကို ပေးရမယ်ဆိုတော့ သူ့စရိုက်နဲ့သူ မလျော်ရင်တော်ပါ့မလား ...(မတော်ပါဘုရား)။

## ဝိတက်စရိုက်ရှိရင် အာနာပါန

ဝိတက်စရိုက်ရှိတဲ့ ပုဂ္ဂိုလ်ကျလို့ရှိရင်လည်း ဝိတက်က တောင်ပြေး မြောက်ပြေးနဲ့ သြော်-ဒါဖြင့် အာနာပါန ပေးမှ ကိုက်မှာပေါ့...(မှန်ပါ)။

မပြေးတဲ့တရား အာနာပါနဆိုတော့ စိတ်က ပြေးခွင့်ရသေး ရဲ့လား...(မရပါဘုရား) ဒီလို ပေးရတယ်ဆိုတော့ ပေါ်ကြပလား ...(ပေါ်ပါဘုရား) ပညာစရိုက်ရှိတဲ့ ပုဂ္ဂိုလ်မျိုးကျတော့လည်း သစ္စာပေးပါ...(မှန်ပါ) သစ္စာကမ္မဋ္ဌာန်းသာပေးလိုက်၊ ခဏလေး နဲ့ရတယ်၊ သဘောပါကြပလား...(ပါ,ပါတယ်ဘုရား) ကောင်းပြီ၊ ဒါဖြင့် ဒကာ,ဒကာမတို့ စရိုက်နဲ့ လျော်တာကို ဘုန်းကြီးကတော့

ရှင်းပြပေးနေတယ်၊ (မှန်ပါ)။

ဒကာ,ဒကာမတွေဟာ အလုံးစုံပဲအပါယ်လေးပါး တံခါး ပိတ်ပြီး သဂ္ဂါလ သုဂတိ ဒုက္ခတွေတောင်မှ သူ့မတွေ့စေလိုဘူး၊ ခန္ဓာဇာတ်သိမ်းငြိမ်းတဲ့ နိဗ္ဗာန်ကိုသာ ရောက်စေချင်တော့ ဒီထဲ စရိုက်ကလည်း အမျိုးမျိုးရှိတယ်၊ မရှိပေဘူးလား...(ရှိပါတယ် ဘုရား) အဲတော့ ကိုယ့်စရိုက်နဲ့ကိုယ် ကြိုက်ပြီးသဂ္ဂါလ ကိုယ် တော်တဲ့ ကမ္မဋ္ဌာန်း ကိုယ်ယူပါဆိုတာကို ဒီကနေ့ ဝေဖန်ပေးနေ တယ်...(မှန်ပါ)။

## ကိုယ်နဲ့တော်တဲ့ ကမ္မဋ္ဌာန်းကို ယူပါ

ဘယ်လိုယူကြမတုံး...(ကိုယ့်စရိုက်နဲ့တော်တာ ယူရ မှာပါဘုရား) ကိုယ်နဲ့တော်တဲ့ ကမ္မဋ္ဌာန်းကို ယူပါ။ သဘောကျပ လား (ကျပါတယ်ဘုရား) သို့သော် ဘယ်လိုပင် ဒီဟာတွေက ဘယ်လိုပင်ထူးခြားသော်လည်း နောက်ဆုံးပိတ် အနိစ္စာ ဝတသခါ ရာ မလွတ်စေနဲ့ (မှန်ပါ) နောက်ဆုံးပိတ်ကျတော့ ဖြစ်တဲ့တရား ပျက်တတ်တယ်။

ဝေဒနာရှုတဲ့ပုဂ္ဂိုလ်ကလည်း အင်း–သူလည်း လောဘစရိုက် ရှိတဲ့ပုဂ္ဂိုလ်–ဘာဖြစ်ဖြစ် လိုချင်, ရချင်တဲ့ပုဂ္ဂိုလ် ဝေဒနာက စ ရှုရမယ်...(မှန်ပါ) သို့သော် တွေ့တော့ ဖြစ်ပျက်ကို တွေ့ရမယ်၊ ဖြစ်–ပျက်တွေ့ရင် ကိုမြင့် ပြီးတယ်။ နောက်ဆုံးမှာတော့ ဖြစ်– ပျက်မှာ လမ်းဆုံးတယ်လို့ မှတ်ရမယ်၊ နောက်ပိတ်ဆုံး တစ်နေ့ ကျတော့ (ဖြစ်ပျက်မှာ လမ်းဆုံးပါတယ်ဘုရား)။

## အယူလွဲရင် ကြာလိမ့်မယ်

ရှင်းပြီနော်...(ရှင်းပါဘုရား) ကောင်းပြီ–ဒါဖြင့် အားလုံး ဒကာ,ဒကာမတွေ စရိုက်မသိဘဲနဲ့ ကမ္မဋ္ဌာန်းကို ဆရာကပေးပေး တပည့်ကပဲနေရာမကျလို့ပဲအယူလွဲလွဲ၊ ကြာလိမ့်မယ်ဆိုတာ မှတ်ရမယ်...(မှန်ပါ) ဒကာကြီးလိုင် ကြာလိမ့်မယ်နော်... (မှန်ပါ) ကြာလိမ့်မယ်ဆိုတာ သေချာပလား...(သေချာပါဘုရား) သေသေချာချာ သိထားတာ့မှ...။

ဩော်–ကမ္မဋ္ဌာန်း ဆရာလုပ်ဖို့လည်း မလွယ်ပါလား... (မှန်ပါ) ကိုစောမောင် လွယ်ပါ့မလား...(မလွယ်ပါဘုရား) မလွယ်ဘူးတဲ့၊ တချို့နေရာမှာများ ကိုစောမောင်တို့ ဒီနေရာ လာလို့ရှိရင် ရှုရိုက်မှုပဲ လုပ်ပော့ဆိုတော့ သူဟာ စရိုက်ရွေးသေး ရဲ့လား...(မရွေးပါဘုရား) မရွေးတော့ သူ့ ဘာဖြစ်မတုံးလို့ မေးတဲ့အခါကျတော့ သူက ဝိတက်စရိုက်ရှိတဲ့ ပုဂ္ဂိုလ်မှပေးရမှာ ...(မှန်ပါ) ဝိတက်က တောင်ကြံ–မြောက်ကြံ...အကြံအစည် များတယ်(မှန်ပါ)။

## အကြံအစည်များတဲ့ပုဂ္ဂိုလ် အာနာပါနပေး

အကြံအစည်များတဲ့ ပုဂ္ဂိုလ်ကျ စိတ်က တောင်ရောက်– မြောက်ရောက် ဒီလိုပုဂ္ဂိုလ်မှ အာနာပါန ပေးရမဲ့ဥစ္စာကို အင်း– သူက ဝိတက်စရိုက်ရှိတဲ့ ပုဂ္ဂိုလ်လည်း ဒါပေး ဆိုလို့ရှိရင် ကို စောမောင်ရပါ့မလား...(မရပါဘုရား) မရနိုင်ဘူးဆိုတာ သေချာ ပလား...(သေချာပါပြီဘုရား) ဒါဖြင့် တောင်ဖေးဆွဲလည်း

အရေးမကြီးဘူးလား (ကြီးပါတယ်ဘုရား)။

## လောဘစရိုက်ရှိတဲ့ပုဂ္ဂိုလ်

နောက်လိုက်ကော…(အရေးကြီးပါဘုရား) နောက်လိုက်ကတော့ ဒီတရားမျိုးကို နာရမှ ရွှေးတတ်တယ်၊ တောင်ဖှေးဆွဲကလည်း ဒီပုဂ္ဂိုလ်တွေရဲ့ စရိုက်တတ်မှ ဖမ်းတတ်မှ ကိုစောမောင်နေရာကျတယ်…(မှန်ပါ) လောဘစရိုက်ရှိတဲ့ ပုဂ္ဂိုလ်များသွားတဲ့အခါကျလို့ရှိရင်ဖြင့် ကိုစောမောင် ခြေထောက်ဟာ စမ်းသပ်ပြီးနူးနူးညံ့ညံ့သွားလေ့–နင်းလေ့ရှိတယ်၊…(မှန်ပါ) လောဘစရိုက်ရှိတဲ့ပုဂ္ဂိုလ်…။ မကြွချင်–ကြွချင်ပေါ့ဗျာ…(မှန်ပါ) ခပ်နှေးနှေးနဲ့ ခပ်ဖြေးဖြေး ဒီလို သွားလေ့ လာလေ့ရှိတယ်၊ သူ့အိပ်ယာနေရာသွားကြည့်လို့ရှိရင်ဖြင့် နူးနူးညံ့ညံ့ သန့်သန့်ရှင်းရှင်းလုပ်ထားလေ့ရှိတယ်၊ ဒါ–သူ့ဝါဒနာအတိုင်းလာတယ်…(မှန်ပါ) ဒါကျတော့ သူ့ကို ဝေဒနာနုပဿနာ ပေးလိုက်ရင် မတည့်ပေဘူးလား…(တည့်ပါတယ်ဘုရား)။

## ဒေါသစရိုက်ရှိတဲ့ပုဂ္ဂိုလ်

ဒေါသစရိုက်ရှိတဲ့ ပုဂ္ဂိုလ် သူ့အိမ်သွားကြည့်လိုက်ရင်…။ သူ့အခန်းသွားကြည့်လိုက်ရင် ရှုပ်ပွေလိမ်နေတာပဲ၊ ဘယ်တော့မှ မလှည်းကျင်းဘူး၊ ကိုစောမောင် ဖြစ်သလိုနေတတ်တဲ့ ပုဂ္ဂိုလ်ကျတော့ ဘာစရိုက်ဆိုကြမယ်…(ဒေါသစရိုက်ရှိတဲ့ ပုဂ္ဂိုလ်ပါဘုရား) အဲဒါတွေ ကျလာလို့ရှိရင်ဖြင့် ဩော်–ဒေါသစရိုက်

ရှိပါလား ဒေါသစရိုက်ရှိတဲ့ ပုဂ္ဂိုလ်ဖြင့်လည်း ဘယ်ကမ္မဋ္ဌာန်း ပေးရမှာတုံးဆိုတာ ဆရာက မရွေးချယ်ရဘူးလား...(ရွေးချယ်ရ ပါတယ်ဘုရား)။

လမ်းသွားတဲ့ အခါကျလို့ရှိရင် ဒေါသစရိုက်ရှိတဲ့ ပုဂ္ဂိုလ် ကို အကဲခပ်ချင်ရင် သူ့ခြေရာ သူ့ခြေရာ သွားကြည့်လိုက်ရင် သိမယ်၊ သူ့ခြေရာက နဂိုက မသွားခင်က ရောက်ချင်နေတယ်၊ ဒေါသစရိုက်သမားက၊ ဒေါသစရိုက်သမားက ဘာပါလိမ့်... (မသွားခင်က ရောက်ချင်ပါတယ်ဘုရား)မသွားခင်က ရောက် ချင်နေတော့ သူခြေရာ သွားကြည့်လိုက်လို့ရှိရင် ကိုစောမောင် သူက ရှေ့ကုတ်ကုတ်ပြီး မြေကြီးပေါ်မှာ သွားလေ့ရှိတယ်... (မှန်ပါ)။

သူ့ဖိနပ်ကို သွားကြည့်လိုက်လို့ရှိရင်လည်း ဒီရှေ့ပိုင်းက ခြေမတို့ ခြေသူကြွယ်တို့ အစရှိသည်တို့က ကိုစောမောင် အဲဒီ နေရာက ဖိနပ်ခွက်နေတယ်...(မှန်ပါ) ကတ္တီပါဖိနပ်ဆို အဲနေရာက စပြတ်တယ် ရိပ်မိပလား...(ရိပ်မိပါပြီဘုရား) ဒါ–ဒေါသစရိုက်သမား။

## မောဟစရိုက်ရှိတဲ့ ပုဂ္ဂိုလ်

မောဟစရိုက်သမား သွားကြည့်လို့ရှိရင် ခြေလှမ်းမဖြောင့် ဘူးတ...(မှန်ပါ) တောင်နင်းလိုက်–မြောက်နင်းလိုက် ဒီလိုသွား တယ်၊ ဖြောင့်ဖြောင့်ကို မသွားဘူး၊ သူက တွေးဝေပြီ သွားတာ ပဲ၊ ရိပ်မိပလား၊ (ရိပ်မိပါဘုရား)။

## စရိုက်သိပြီးမှ ကမ္မဋ္ဌာန်းပေးပါ

အဲဒီလို ဆရာသမားက စရိုက်တွေကို အကုန်သိပြီးမှ ကိုစောမောင်ရေ ဒီဥစ္စာ ကမ္မဋ္ဌာန်းပေးလို့ရတယ်...(မှန်ပါ) နို့မို့လို့ရှိရင် ရပါ့မလား...(မရပါဘုရား) ဒါဖြင့် ဦးဘရှင်း ရမ်းလုပ်နေတဲ့နေရာ ဆိုလို့ရှိရင်ဖြင့် ကြိုးသာကုန် မောင်ပုံ စောင်းမတတ် ဆိုတဲ့ အခိပ္ပာယ်မျိုးရောက်မှာပဲ၊ မရောက်ပေဘူးလား... (ရောက်ပါတယ်ဘုရား) ဒါကြောင့် ကိုစံလှ ကဲ-ဆရာသည် အရေးကြီးတယ်။

## ဆရာအရေးအကြီးဆုံး

မကြီးပေဘူးလား...(ကြီးပါတယ်ဘုရား) ဒါကြောင့် ရှင်အာနန္ဒာကို ပြောပေ့ါဘုရား၊ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ညီတော်အာနန္ဒာ ဆရာသမားများ ဘယ်လောက်အရေးကြီးသတုံးကွ၊ ဆရာသမားကြောင့် ဘုရားနိဗ္ဗာန်ရောက်တဲ့နေရာမှာ ထက်ဝက်ပဲ သူ့တာဝန်ပေ့ါဘုရား၊ တယ်ဖျင်းပါလား၊ မင်းက သာဝကကိုးကွ သာဝကဉာဏ်လေးလောက်နဲ့ ပြောနေတာ၊ မဟုတ်ဘူးကွ၊မဟုတ်ဘူးကွ၊သူ့တာဝန်လုံးလုံး၊ ရှင်းပလား ... (ရှင်းပါဘုရား)။

သူအမှီကောင်းမှ ရမယ်တဲ့၊ သူအမှီမကောင်းလို့ရှိရင် ကိုစောမောင်...(မရပါဘုရား) ပေါ်ပလား...(ပေါ်ပါဘုရား) ဒါဖြင့် ဒကာ,ဒကာမတို့ တရားနာရ၊ တရားတောင်းရ၊ ကိုယ်အလိုရှိလို့ အရွယ်ကြီးမှ နိဗ္ဗာန်ရောက်ကြောင်း ရှာကြပြန်

တော့လည်း ဒီဆရာများနဲ့တွေ့မှာ စရိုက်အကဲမခတ်တတ်ဘဲနဲ့ ပေးနေတဲ့ ကမ္မဋ္ဌာန်းတိုက်တွေနဲ့ တွေ့မှာလည်း စိုးရိမ်ရတယ် မစိုးရိမ်ရဘူးလား...(စိုးရိမ်ရပါတယ်ဘုရား)။

## အရှင်အနုရုဒ္ဓါ

အဲဒါ ယနေ့တော့ဖြင့် ရှင်းရှင်လင်းလင်းပြောတယ်ဆို တော့ ဩော်–တော်တော် အရေးကြီးပါလားဆိုတာ ပါလာတယ်၊ မပါဘူးလား...(ပါ,ပါတယ်ဘုရား) ကြည့် အရှင်အနုရုဒ္ဓါဆိုတာ အဘိညာဉ်နေရာမှာ ဆိုရင်ဖြင့် ဧတဒဂ်ရ အဘိညာဉ်ဆိုတာ ကိုစောမောင် သေရင် ဘယ်သွားမယ်ဆိုတာ ချက်ချင်းသိတယ်၊ အဲဒီကိုယ်တော်ကြီးဟာ သောတာပန် သကဒါဂါမ် တည်ပြီး အနာဂါမ် ရဟန္တာမဖြစ်ဘဲ ဖြစ်နေတယ်။

ဘာကြောင့် မဖြစ်တာတုံးဆိုတော့ သူ့မှာတဲ့ ဒကာ,ဒကာမ တို့ မာနခံနတယ်၊ ဩော်– ငါလို ကြည့်နိုင်တဲ့ပုဂ္ဂိုလ် ရှားပါလိမ့် မယ်ဆိုတဲ့ အဓိပ္ပာယ်နဲ့ မာနခံနေတယ်၊ သဘောကျပလား... (ကျပါဘုရား) အဲဒီတော့ ရှင်သာရိပုတ္တရာကြီး သွားကပ်ရတယ် လို့ အင်္ဂုတ္တိုရ်ပါဠိတော်မှာလာတယ်၊ ရှင်သာရိပုတ္တရာက မင်းဟာ ကွာတဲ့၊ အထက်မဂ်ဖိုလ်တွေရမယ့်ဥစ္စာ၊ ဒီဟာမှ မသတ်ဘဲကို ဆိုတော့ ကိုစောမောင် သူဟာ သူ့စရိုက်ရှုမိတဲ့ အခါကျတော့ မှ...။

## မာနစရိုက်ရှိတဲ့ပုဂ္ဂိုလ်

မာနစရိုက်ရှိနေတဲ့ပုဂ္ဂိုလ်၊ မာနဆိုတာက ဒေါသကလာတာ ကို...(မှန်ပါ) ပညာကထက်လွန်းလို့လည်း အဲဒီဘက် ကူးသွား တတ်တယ်၊ သဘောကျပလား...(ကျပါဘုရား) အဲဒါကြောင့် သူ့ပညာစရိုက်လည်း ရှိတယ်၊ ဒါကြောင့် မာနဘက် ထိုးထွင်း ပြီးသကာလ ပညာရှိတဲ့ ပုဂ္ဂိုလ်က မာနကို ရှိတတ်တယ် ကိုစောမောင်ရ...(မှန်ပါ)။

အဲဒါကြောင့် မာနက နောက်ကလိုက်တော့ အထက်မဂ် အထက်ဖိုလ် တက်လို့ မရဘူး...(မှန်ပါ) ရရဲ့လား...(မရပါ ဘုရား) အနုရုဒ္ဓါမင်းသည်ကား ဆိုလို့ရှိရင် မာနကြပ်ကြပ် ရှု စမ်းကွ ဆိုတဲ့အခါကျတော့မှ မာနခံနေလို့ အထက်မဂ် မရတာ မာနဖြစ်ပျက်ရှုမှ ကိုစောမောင် တက်သွားတယ်...(မှန်ပါ) မ လိုဘူးလားဗျာ...(လိုပါတယ်ဘုရား)ရှင်သာရိပုတ္တရာကြီးက အကဲခတ်ပြီး တည့်ပေးသွားတယ်လို့ မဆိုနိုင်ဘူးလား... (ဆိုနိုင်ပါတယ်ဘုရား)။

## ပညာစရိုက်အားကြီးလို့

အေး-ပညာစရိုက်က သူက အားကြီးလို့ သူသည်ကားလို့ ဆိုလို့ရှိရင်ဖြင့် ပညာလွန်ပြီးသကာလ နေတော့ ကွေ့ကောက 'နေတယ်ဆိုတဲ့ အမိပ္ပာယ်သိတော့မှ မာနကြောင့် ကွေ့ကောက် နေတယ်ဆိုတာ သိတော့ မာနဖြစ်ပျက်ရှုခိုင်းပစ်ရတယ်...(မှန် ပါ) ဒီတော့မှ တက်သွားတယ်ဆိုတာ ရှင်းကြပလား...(ရှင်းပါပြီ

ဘုရား) ကောင်းပြီ–ဒါဖြင့် ဘုန်းကြီးတို့ ဒကာ,ဒကာမတွေ ဒီနေ့ စရိုက်ရှင်းတမ်းကို တော်တော်လေး ပြောပြီပါပြီ။

တော်တော်လေး ပြောပြီတော့ သတိပဋ္ဌာန်လေးပါး ဘယ့်နှယ်ကြောင့် ပြားရသတုံးဆိုတော့ စရိုက်ပြားလို့ ပြားရတယ် ...(မှန်ပါ) ကိုစောမောင် ပေါ်ပြီ...(ပေါ်ပါပြီဘုရား) သတိပဋ္ဌာန် တစ်ပါးတည်း ဟောပါတော့လားလို့ မေးတဲ့အခါကျတော့ ဖြေတတ်ကြပလား...(ဖြေတတ်ပါပြီဘုရား) ဘယ်လိုဖြေကြမယ် ...(စရိုက်ပြားလို့ပါဘုရား) စရိုက်များလို့ ပြားရသည် ဦးဘ ရှင်းတို့ ကျေနပ်ပလား...(ကျေနပ်ပါပြီဘုရား) စရိုက်များလို့ ...(ပြားရပါတယ်)။

## ရမ်းပေးတဲ့ဆရာနဲ့ မရဘူး

အဲဒါစရိုက်များလို့ ပြားရသည်ဆိုတော့ ခင်ဗျားတို့ အင်မတန် ရွေးချယ်ဖို့ အရေးကြီးလာပြီဆိုတာ ပေါ်လာတယ် ကိုစံလှ မပေါ်သေးဘူးလား...(ပေါ်ပါတယ်ဘုရား) ရမ်းပေးတဲ့ ဆရာနဲ့ဆို ဘယ်လိုဆိုကြမယ်...(မရပါဘူးဘုရား) မရပေဘူးလေဗျာ...(မှန်ပါ) ရှင်းပြီလား...(ရှင်းပါပြီဘုရား)။

## ပညာနဲ့တဲ့လူ–ကာယာနုပဿနာရှု

ကောင်းပြီ–ဒါဖြင့် ဒကာ,ဒကာမတို့ ဉာဏ်နဲ့တဲ့ပုဂ္ဂိုလ်မှာ ထင်ထင်ရှားရှား ဖြစ်တဲ့ရုပ်ကို၊ လေးလေးကန်ကန် ဖြစ်တဲ့ရုပ်ကို ရှုရမယ်၊ သဘောကျပလား...(ကျပါတယ်ဘုရား) ဉာဏ်နဲ့

တဲ့ပုဂ္ဂိုလ်ဟာ...(ရုပ်ကိုရှုရပါမယ်ဘုရား) ဒါဖြင့် ကာယာနုပဿနာရှု။ သဘောကျပလား...(ကျပါတယ်ဘုရား)။

**တဏှာများတဲ့လူ–ဝေဒနာနုပဿနာရှု**

ဉာဏ်ကတော့ ထက်ပါတယ်တဲ့ တဏှာက များနေတဲ့ ပုဂ္ဂိုလ်ကျလို့ရှိရင် ဝေဒနာနုပဿနာရှု...(မှန်ပါ့ဘုရား) သဘောကျပလား...(ကျပါပြီဘုရား)။

**ဒိဋ္ဌိများတဲ့လူ–စိတ္တာနုပဿနာရှု**

ဉာဏ်က ထက်တယ် မာနများနေတဲ့ ပုဂ္ဂိုလ်ကျတော့ ဓမ္မာနုပဿနာရှု၊ သဘောကျရဲ့လား...(ကျပါတယ်ဘုရား) ဉာဏ်ထက်ထက်နဲ့ ဒိဋ္ဌိများတဲ့ပုဂ္ဂိုလ်ကျတော့ စိတ္တာနုပဿနာ ပေးပေါ်ပလား...(ပေါ်ပါပြီဘုရား) ကဲ...ကိုဇောမောင် ရွေးလာတော့ ခက်မလာဘူးလား...(ခက်ပါတယ်ဘုရား)ဒီလို မရွေးဘဲနဲ့ဆို နောက်က ဒကာ,ဒကာမတွေ သိတဲ့အတိုင်းပဲတဲ့ ကြိုးသာကုန် မောင်ပုံ ဇောင်းမတတ်ဆိုတဲ့အတိုင်း ဒကာ,ဒကာမတို့ ရေးကတော့ ဇောင်းကြိုးက ကျစ်ကျစ်ပြီး ထည့်ရတာကို ကိုဇောမောင်နော်။

အခုခေတ်လို ကြေးနန်းကြိုးတွေ ဘာတွေက မဟုတ်တော့ ကြိုးတွေသာကုန်တယ် သူ့ဇောင်းတီးတဲ့ အတတ်က တတ်ကဲ့လား...(မတတ်ပါဘုရား) အဲဒီလို ဖြစ်နေတယ်၊ ပေါ်ကြပလား ...(ပေါ်ပါပြီဘုရား) ဒါဖြင့် ဒကာ,ဒကာမတို့ အရေးကြီးကြောင်း

သိပြီပေါ့ဗျာ...(မှန်ပါဘုရား) အရေးကြီးကြောင်း သိတဲ့အခါ ကျတော့ တစ်ခါ ဒါက ရှေးဦးစွာ ကမ္မဋ္ဌာန်းကို ပြောဆိုတာ။

## ဒိဋ္ဌိအရင် ခွာပါဦး

ကဲ–ဒါဖြင့် ဒီလောကဘ်ဆို ဒကာ,ဒကာမတွေ သြော်–ကိုယ့်စရိုက်နဲ့ကိုယ် လျော်တဲ့ကမ္မဋ္ဌာန်း ကိုယ်ယူပြီး သကာလ ဒိဋ္ဌိအရင်ခွာရဦးမယ်...(မှန်ပါ)၊ ကမ္မဋ္ဌာန်းကတော့ စရိုက်အတိုင်း ယူရမယ်၊ ယူပြီးတော့ ဘာလုပ်ရမတုံး...(ဒိဋ္ဌိခွာရပါမယ်ဘုရား) ဒိဋ္ဌိခွာရမယ်၊ ရှင်းပလား...(ရှင်းပါတယ်ဘုရား)။

ကမ္မဋ္ဌာန်းကတော့ဖြင့် စရိုက်နဲ့လျော်တဲ့ ကမ္မဋ္ဌာန်းယူပြီး၊ ယူပြီး ဘာလုပ်မတုံး–...(ဒိဋ္ဌိအရင်ခွာရပါမယ်ဘုရား) ဒိဋ္ဌိခွာပြီးမှ ဖြစ်ပျက်ရှုရမယ်၊ ဒါ–ဒီနေ့ အစီအစဉ်ပေးပြီး ဒကာ,ဒကာမတို့ သတိပဋ္ဌာန်လေးပါး ဘာနဲ့ယူရမယ်...(စရိုက်နဲ့လျော်တာ ယူရပါမယ်ဘုရား) စရိုက်နဲ့လျော်တာ ယူပါ၊ သဘောကျပလား ...(ကျပါဘုရား) ကိုစောမောင် သတိပဋ္ဌာန်လေးပါ တစ်ပါးပါး ယူရလိမ့်မယ်။

ဘာနဲ့ယူရလိမ့်မယ်...(စရိုက်နဲ့လျော်တာ ယူရပါမယ် ဘုရား) စရိုက်နဲ့လျော်တာ ယူပါ၊ သဘောကျပလား... (ကျပါတယ်ဘုရား) ကိုစောမောင် ပေါ်ပလား...(ပေါ်ပါ့ဘုရား) စရိုက်လျော်တာယူပြီးလို့ရှိရင် ဘာလုပ်မတုံး...(ဒိဋ္ဌိခွာရပါမယ်) လေးပါးအပေါ်မှာ ဒိဋ္ဌိခွာရမယ်...(မှန်ပါ) ရုပ်ဟာလည်း ပုဂ္ဂိုလ် သတ္တဝါမဟုတ်ဘူး၊ ဝေဒနာကော...(ပုဂ္ဂိုလ်သတ္တဝါ မဟုတ်ပါ

ဘုရား)။

သညာသခ်ါရကော... (ပုဂ္ဂိုလ်သတ္တဝါမဟုတ်ပါဘုရား) ကဲ–ရှင်းပြီနော် အင်း–စိတ်ဟာလည်း...(ပုဂ္ဂိုလ်သတ္တဝါမဟုတ်ပါဘုရား) စရိုက်နဲ့ လျော်ပြီးသကာလ ဒကာ,ဒကာမတွေက ဝေဒနာကြိုက်ရင် ဝေဒနာယူတယ်၊ သစ္စာကြိုက် သစ္စာယူတယ်၊ ရုပ်ကြိုက် ရုပ်ယူတယ်၊ ယူချင်တာယူပါ ကိုယ့်စရိုက်နဲ့ ကိုယ် ကြိုက်တာယူလို့ရှိရင်ဖြင့် ဒါ ကမ္မဋ္ဌာန်း ပေါက်ရောက်တာပဲ။

သို့သော် ဒီလောက်တင် ဉာဏ်နဲ့ ဖြတ်ပိုင်းပြီးသကာလ တော်လောက်ပြီလို့ ခင်ဗျားတို့က မယူထားပါနဲ့...(မှန်ပါ) သဘောကျပလား...(ကျပါပြီဘုရား) စရိုက်နဲ့ တော်တာယူပြီးနောက် ကိုစောမောင် ဘာလုပ်ရမတုံး...(ဒိဋ္ဌိခွာရပါမယ်ဘုရား) ဒိဋ္ဌိခွာပြီးသည့်နောက်မှ ကိုစောမောင်ရဲ့ အနိစ္စ, ဒုက္ခ, အနတ္တ ရှုရမယ်...(မှန်ပါ) ရှင်းကြပလား...(ရှင်းပါပြီဘုရား)။

**တရားအားထုတ်ဖို့ နည်းပေးနေတာ**

ဒါဖြင့် ဒကာ,ဒကာမတို့ ယနေ့ရှေးဦးစွာ ကမ္မဋ္ဌာန်းအားယူတော့မယ်ဆိုလို့ရှိရင်ဖြင့် ဘာနဲ့ လျော်တာ ဘာယူရမယ်... (စရိုက်နဲ့လျော်တဲ့ ကမ္မဋ္ဌာန်းယူရမှာပါဘုရား) ကိုယ့်စရိုက်နဲ့ လျော်တာယူရမယ်၊ ဒါတရားဟောနေတာမဟုတ်ဘူး၊ နည်းပေးနေတာ၊ ကဲ–ယူပြီးပါပြီ ကိုစောမောင်၊ အားထုတ်ရုံပဲလား မေးတော့ မဟုတ်ဘူး အားမထုတ်နဲ့ဦး၊ သိမှုအရင်လုပ်လိုက်ဦး၊ သဘောကျပလား (ကျပါဘုရား) သိမှုဆိုတာ ဘာတုံးဆိုတော့

...။ ဒိဋ္ဌိရှိသလား မရှိဘူးလား သိမှု၊ အဲဒီ ဒိဋ္ဌိခွာတဲ့ အလုပ် သိမှုကို အရင်လုပ်လိုက်ပါ...(မှန်ပါ) သဘောကျပလား... (ကျပါဘုရား) ဒိဋ္ဌိသိမှုနဲ့ ခွာပြီးတော့မှ ပွားမှုနဲ့ခွာရမှာကိုး... (မှန်ပါ) ပွားမှုနဲ့ ခွာပြီးတော့မှ ပယ်မှုနဲ့...(ခွာရမှာပါဘုရား) အခွာဘယ်နှစ်မျိုးပါလိမ့်...(သုံးမျိုးပါဘုရား) သိမှု တစ်နံပါတ် ခွာရမယ်၊ နှစ်နံပါတ်...(ပွားမှုနဲ့ ခွာရမှာပါဘုရား) သုံးနံပါတ်က ...(ပယ်မှုနဲ့ခွာရမှာပါဘုရား) ပယ်မှုနဲ့ခွာရမယ်ဆိုတာ ရိပ်မိပလား ...(ရိပ်မိပါဘုရား)။

ကိုင်း–ဒါဖြင့် ဒကာ,ဒကာမတို့ ကမ္မဋ္ဌာန်းပေးပြီလို့ အောက်မေ့ပါတော့၊ ကမ္မဋ္ဌာန်းပေးတော့ကို အနုရာဓမင်းသည်ကား ဆိုလို့ရှိရင် ကွာတဲ့ ခန္ဓာငါးပါးရှိတယ်၊ ခန္ဓာငါးပါးရှိတဲ့အနက်က ချုံးလိုက်တော့ သတိပဋ္ဌာန်လေးပါး ဖြစ်ပါတယ်၊ ခန္ဓာငါးပါးကို ချုံးလိုက်တဲ့အခါ ...(သတိပဋ္ဌာန်လေးပါးဖြစ်ပါတယ်) သတိပ ဋ္ဌာန် လေးပါးဖြစ်တယ်ဆိုတာ ပေါ်ပလား...(ပေါ်ပါပြီဘုရား)။

အဲဒါ သတိပဋ္ဌာန်လေးပါးထဲက ကိုစောမောင်ရေ တစ်ပါး ပါးကို စရိုက်နဲ့ လျော်တာ မယူရပေဘူးလား...(ယူရပါတယ် ဘုရား) ယူပြီးသည့်နောက်မှ သူသည်ကားဆိုလို့ရှိရင် ပဌမရှေးဦး စွာ သူ့ကို သတိပဋ္ဌာန်လေးပါးထဲက ယူငြားသော်လည်း ခန္ဓာ ငါးပါးနဲ့ သူ့ကို အရင်ခွာ...(မှန်ပါဘုရား) သဘောကျပလား... (ကျပါတယ်ဘုရား) ခန္ဓာငါးပါးနဲ့...(အရင်ခွာရမှာပါဘုရား) ခန္ဓာငါးပါးကိုယူ ရှေးဦးစွာပြပြီးတော့မှ သတိပဋ္ဌာန်လေးပါးနဲ့ ဝေဖန်...။

ဝေဖန်ပြီးတော့မှ တစ်ခါ ခန္ဓငါးပါးကို အကုန်ခွာပေးလိမ့်မယ်...တစ်ပါပါး ငြိနေလျှင်လည်း မရမှာစိုးလို့...(မှန်ပါဘုရား) ဒါလေးလည်း သတိထားလိုက်ပါဦး၊ ခန္ဓာက ဘယ်နှစ်ပါးရှိသတုံး...(ငါးပါးရှိပါတယ်ဘုရား) သတိပဋ္ဌာန်နဲ့ ဝေဖန်လိုက်တော့...(လေးပါးပါဘုရား) လေးပါးပဲရှိတော့တယ် လေးပါးကိုတစ်ခါဖြန့်လိုက်တော့ ငါးပါးပြန်မဖြစ်ဘူးလား...(ဖြစ်ပါတယ်ဘုရား) ဘာဖြစ်လို့ ပြန်ဖြန့်ရပါလိမ့်မတုံး တစ်ခုခုကပ်နေမှာစိုးလို့...(မှန်ပါဘုရား)။

ဒါဖြင့် ဒကာ,ဒကာမတို့ သိတဲ့အတိုင်း အနုရာဓပောတော့ဒါ–ငါဝေဖန်ပြီးပြီ၊ မင်းသည်ကားဆိုလို့ရှိရင် ဒီခန္ဓာငါးပါးကိုသေသေချာချာ အနုရာဓ မင်းမှတ်၊ ဆိုပြီးသကာလ ကိုစောမောင်ရေ ဝိပဿနာ အရှုခိုင်းတယ်၊ ဒိဋ္ဌိခွာပြီး...(မှန်ပါဘုရား) ကဲ–ဒါဖြင့် ဒကာ,ဒကာမတို့ အနုရာဓ မင်းသည်ကားဆိုလို့ရှိရင်ဖြင့်ဟောဒီရုပ်ကလေးကို အနိစ္စယူမလား နိစ္စယူမလားလို့ မေးလိုက်ပါတယ်...(အနိစ္စ ယူရပါမယ်ဘုရား)။

အနိစ္စယူရမယ် သဘောပါပလား...(ပါပါတယ်ဘုရား) ရုပ်တရာလေးတစ်လုံးကိုနော်...(မှန်ပါဘုရား) ရုပ်ဆိုတာဘယ့်နှယ်ကြောင့် ရုပ်တုံးဆိုတော့ ဖောက်ပြန်ပျက်စီးတာ ရုပ်လို့ဆရာဘုန်းကြီး ဟောပြီးပြီ...(မှန်ပါဘုရား) ဖောက်ပြန်ပျက်စီးတာ ရုပ်ပါ၊ ဟောထားတော့ ဖောက်ပြန်တာနဲ့ ပျက်စီးတာဟာဖောက်ပြန်တယ်ဆိုတာလည်း ပင်ကိုသဘောစွန့်တာ၊ ပျက်စီးတယ်ဆိုတာလည်း ပင်ကိုသဘောစွန့်တာ ဒါဖြင့် ခင်ဗျားတို့ပင်ကိုသဘောကို စွန့်မှ အမှန်ရောက်မယ်။

## ပင်ကိုသဘောကို စွန့်တာသိမှ ဝိပဿနာရှုတာ

ခင်ဗျားတို့ ရှုတဲ့အခါတော့ ပင်ကိုသဘောစွန့်လား၊ မစွန့်ဘူးလား၊ စွန့်တဲ့အခြေအနေရောက်မှ ကိုစောမောင် အနိစ္စမှန်...(မှန်ပါ) အနိစ္စမှန်ဆိုတာ ဘာပါလိမ့်...(ပင်ကိုသဘောစွန့်တာပါဘုရား) ပင်ကိုသဘောစွန့်မှ၊ ရုပ်ဟာ ရုပ်သဘောစွန့်မှ ဝေဒနာဟာ...(ဝေဒနာသဘောစွန့်မှပါဘုရား) သညာဟာ...(သညာသဘောစွန့်မှပါဘုရား) အင်း-သင်္ခါရကကော...(သင်္ခါရသဘောစွန့်မှပါဘုရား)စိတ်ဟာ...(စိတ်သဘောစွန့်မှပါဘုရား)။

ဟော ကိုစောမောင် အနိစ္စဆိုတာ ဒါဆိုတာပါလား...(မှန်ပါ) ရှင်းပလား...(ရှင်းပါဘုရား) ပင်ကိုသဘောစွန့်တာက အနိစ္စ၊ ပင်ကိုသဘောကို မစွန့်ဘဲနဲ့ အသီးသီးဟာ ဒါရုပ်၊ ဒါဝေဒနာ၊ ဒါသညာပဲလို့ သိတာက ဒိဋ္ဌိခွာတာ၊ ပင်ကိုသဘောစွန့်တာကိုသိမှ၊ ဝိပဿနာရှုတာ၊ ဒါ-သေသေချာချာမှတ်ပါ၊ ဒကာ,ဒကာမတို့ သူ့အမည်နာမနဲ့ ခန္ဓာကိုယ်ထဲမှာ သိနေတာက ဒါ-ဘာခွာတာတုံး...(ဒိဋ္ဌိခွာတာပါဘုရား)။

## သိမှုနဲ့ ဒိဋ္ဌိခွာတာ

ရှင်းပြီနော်...(ရှင်းပါဘုရား) ဦးဘကလေးရှင်းပြီ...(မှန်ပါ) အခု ခန္ဓာငါးပါးက နဂိုက ငါးပါးရှိတယ်၊ ငါးပါးရှိတဲ့ အနက်က ဒကာ,ဒကာမတွေ ပုဂ္ဂိုလ်သတ္တဝါတွေပျောက်သွားပြီ၊ ခန္ဓငါးပါးမှ တစ်ပါး အပိုအလျှံမရှိဘူးလို့ သိတာသည် ကိုစောမောင်ဘာတုံး...(ဒိဋ္ဌိခတတာပါဘုရား) အဲဒါ ဉာတပရိညာပြီး

သွားပြီ...(မှန်ပါ) သိမှုပြီးသွားပြီ...(မှန်ပါ)။

## ပွားမှုနဲ့ဒိဋ္ဌိခွာတာ

ဒကာ,ဒကာမတို့ ဘာပြီးသွားပြီတုံး...(သိမှုပြီးသွားပါပြီ ဘုရား) ကိုင်း–ပွားမှုနဲ့ ပယ်ကြစို့ဆိုတော့ ဒီ–ဒိဋ္ဌိ...(မှန်ပါ) ပွားမှုနဲ့ပယ်ကြပေတော့ ဆိုတဲ့ဥစ္စာက ဘယ့်နှယ်ကြောင့် ဒီတရားကို ဘုရားသခင်ကိုယ်တော်မြတ်ကြီး ဒုတိယအချက် ဟောရပါလိမ့် မတုံးဆိုတော့ ပွားမှုကို မမေးထိုက်ဘူးလား...(မေးထိုက်ပါတယ် ဘုရား) ဒိဋ္ဌိတော့ ကွာတော့ ကွာတယ်တဲ့ ဒကာ,ဒကာမတို့... သူ–သိရုံလေး ခန္ဓာငါးပါးလို့ သူသိပြီး သက္ကာလ နေတာ၊ ပင် ကိုသဘောစွန့်တာ မသိသေးလို့ရှိရင်ဖြင့်တဲ့ သညာနဲ့ကွာတာ၊ ပညာနဲ့ ကွာတာ မဟုတ်သေးဘူး...(မှန်ပါ) ဒါ–သေသေချာချာ မှတ်ပါ...(မှန်ပါ)

ဒီ–ငါးပါးတော့ သိပြီ၊ ဘယ်အချိန်ပဲပွားပွား ဒီငါးပါးကို မသိကြဘူးလား...(သိကြပါဘုရား) သိပြီ ပူတာ–အေးတာရုပ်ပဲ၊ ခံစားတာ ဝေဒနာ၊ မှတ်တာက သညာ၊ပြုပြင်စေ့ဆော်တာ သင်္ခါရ၊ သိတာ ဝိဉာဏ်၊ ဒါလောက်သိရင် ဒိဋ္ဌိတော့ကွာပါရဲ့ တဲ့၊ သညာနဲ့ကွာတာ၊ ကိုစောမောင်ဘာနဲ့ ကွာတာတုံး...(သညာ နဲ့ ကွာတာပါဘုရား) အဲတော့ ပညာနဲ့ကွာတာ ကျန်နေတယ်၊ ပညာကလည်းနှစ်မျိုးယူပါ၊ လောကီပညာနဲ့ ကွာတာတစ်မျိုး– လောကုတ္တရာပညာနဲ့ ကွာတာတစ်မျိုး...(မှန်ပါ) ကိုစောမောင် ဒီလိုခွဲရအုံးမှာဗျ...(မှန်ပါ) ဒီလိုမှ စိပ်စိပ်ရှင်းရှင်း မလာလို့ဆို

ရင်ဖြင့် ကိုစံလှ ကိုယ်ကျိုးနည်းပြီသာ အောက်မေ့တော့... (မှန်ပါ)။

## အလုပ်ခွင် ဝင်ကြစို့

ကဲ–ဒါဖြင့် ရှေးဦးစွာ အခု ခန္ဓာငါးပါးထဲမှာ ပုဂ္ဂိုလ်သတ္တဝါ မပါပါဘူး ကိုစောမောင်ရေ...(မှန်ပါ) ဒါ–ခင်ဗျားတို့ပညာနဲ့ ခွာထားတာလား...(သညာနဲ့ခွာထားတာပါဘုရား) ဆရာဘုန်းကြီးပေးတဲ့ အမှတ်အသားနဲ့ ခွာထားတာ...(မှန်ပါ) ရှင်းပလား ...(ရှင်းပါဘုရား) ကဲ–ဒီက ရှေ့တက်ကြစို့၊ ကိုစောမောင် အလုပ်ခွင်ဝင်ကြစို့...(မှန်ပါ) အလုပ်ခွင်ဝင်ကြစို့ဆိုတော့ လောကီပညာနဲ့ ခွာရလိမ့်မယ်...(မှန်ပါ)။

## ပညာနဲ့ ဒိဋ္ဌိခွာရမယ်

သဘောကျပလား...(ကျပါဘုရား) လောကီပညာနဲ့ ခွာတော့မယ်ဆိုတော့ ရုပ်ဟာ ဘာသဘောစွန့်...(ပင်ကိုသဘောစွန့်ပါဘုရား) သူ့သဘောသူစွန့်တယ်...(မှန်ပါ) ရုပ်ကိုမကြည့်ဘူး ...(မှန်ပါ) ရုပ်ဟာ ရုပ်သဘောစွန့်သွားတော့ ရုပ်ရှိသေးရဲ့လား ...(မရှိပါဘုရား) ဝေဒနာဟာဝေဒနာသဘော စွန့်ရင်...(ဝေဒနာမရှိပါဘုရား) သညာ–သညာသဘောစွန့်ရင် ...(သညာမရှိတော့ပါဘုရား) သင်္ခါရဟာ–သင်္ခါရသဘောစွန့်ရင် ...(သင်္ခါရမရှိတော့ပါဘုရား)။ အဲဒီ သဘောစွန့်တာလေးကို မြင်အောင် ကြည့်နိုင်လို့ရှိရင်ဖြင့် လောကီပညာဟာ ကိုစောမောင် ပိုင်ပြီ၊ သဘောကျပလား...(ကျပါဘုရား) အဲတော့ ရုပ်ရှုနေတာဗျ။

ရုပ်ချည်း တွေ့နေတာပဲ ဆိုလို့ရှိရင်ဖြင့် ဒါ–တီရဏ ပရိညာဆိုတဲ့ ပွားမှု ဟုတ်ကို မဟုတ်ဘူး...(မှန်ပါ)။

ဒကာကြီးလို့ သေသေချာချာမှတ်နော်...(မှန်ပါ) ဒါ– အလုပ်ခွင်မို့ သေသေချာချာ ပြောနေပါတယ်၊ ဒကာ,ဒကာမတို့၊ ကဲ–ဒါဖြင့် ဒကာ,ဒကာမတို့ ရှုလိုက်တဲ့အခါကျလို့ရှိရင်ဖြင့် ကဲ–အကုန်ပြောနေလို့ရှိရင် ပြီးမှာ မဟုတ်တော့ဘူး ကိုစောမောင် ရေ စိတ်တစ်လုံးတည်းပြောမယ်...(မှန်ပါ)၊ စိတ်တစ်လုံး ပြောကြ ပါစို့တဲ့၊ ဒကာ,ဒကာမတို့–ဒိဋ္ဌိများတဲ့ ပုဂ္ဂိုလ်တွေပဲစိတ်ပဲ၊ ကဲ,မှတည်လိုက်ပါဦးတော့ စိတ်မှတည်လိုက်တဲ့အခါကျတော့ ...။ စိတ်ဟာ သူဟာ၊ ကြံစည်အောက်မေ့တတ်တာကို စိတ်လို့ ခေါ်တယ်...(မှန်ပါ)။

## ကြံစည်အောက်မေ့တတ်တာ စိတ်

ဒကာ,ဒကာမတို့ စိတ်ဆိုတာဘာတုံး...(ကြံစည်အောက် မေ့တတ်တာပါဘုရား) ကြံစည်အောက်မေ့တာ၊ အာရမ္မဏံစိန္တေ တီတိစိတ္တံပေါ့ဗျာ–အာရမ္မဏံ အာရုံကို စိန္တေတိ၊ ကြံတတ်၏။ ဣတိတသ္မာ ထို့ကြောင့် စိတ္တံ စိတ်မည်၏။ စိတ်ဆိုတာ ကို စောမောင်ဘာတုံး...(အာရုံကို ကြံစည်တတ်တာပါဘုရား)။

## ဝိပဿနာအမြင်ဆိုတာ

အဲဒီ ကြံစည်အောက်မေ့တတ်တဲ့ သဘောလေး စွန့်သွား တာကို မြင်တော့မှ ဝိပဿနာအမြင်...(မှန်ပါ) သဘောကျပလား

...(ကျပါဘုရား) ကြံစည်အောက်မေ့တတ်တဲ့သဘောလေးစွန့်သွားရင်...(ဝိပဿနာပါဘုရား) ဝိပဿနာအမြင်ဆိုတာ ကျေနပ်ပလား...(ကျေနပ်ပါပြီဘုရား) ဒါဖြင့် ဒီစိတ်ကလေးတစ်ခုခင်ဗျားတို့သန္တာန် ဘယ်စိတ်လာလာ ပုထုဇဉ်သန္တာန်လာတဲ့စိတ်ကို ရှုရလိမ့်မယ်ဆိုတာ ကျေနပ်ပလား...(ကျေနပ်ပါပြီဘုရား)။

## ဝိပဿနာရှုနည်း

ပုထုဇဉ်သန္တာန်လာတဲ့စိတ်ကို ရှုပါတဲ့၊ လောဘလာရင် လောဘရှု၊ ဒေါသလာရင် ဒေါသရှု၊ မောဟလည်းရှုပါတဲ့၊ ကုသလာကော...(ရှုရပါမယ်ဘုရား) မစ္ဆရိယလာရင်ကော...(ရှုရမှာပါဘုရား) အိပ်ချင် ထိုင်းမှိုင်းတဲ့ စိတ်လာရင်ကော...(ရှုရမှာပါဘုရား) အင်း-ရှုရလိမ့်မယ် ဒကာ,ဒကာမတို့...။

ရှုစိတ် ရှိုက်စိတ်ကလေးကော (ရှုရပါမယ်ဘုရား) အင်းစားစိတ် ဝါးစိတ်ကလေးကော (ရှုရပါမယ်ဘုရား) ကြားစိတ်ကလေးကော (ရှုရပါမယ်ဘုရား)၊ ယားစိတ်ယံစိတ်တွေကော (ရှုရပါမယ်ဘုရား) ရှုရမှာ၊ ကိုယ်သန္တာန်ကလာတဲ့ စိတ်ဟူသရွေ့ကိုဖြင့် ဒကာ,ဒကာမတို့ ဖောပဿိကောနဲ့လုပ်...(မှန်ပါ) သဘောကျပလား (ကျပါဘုရား) ချုပ်သွားတဲ့ တရားကဖောလာပါ-ပဿရှုပါ။

ကိုစောမောင် ဖောကလာပါ၊ ပဿက...(ရှုပါဘုရား) လာရှု၊ ဒကာ,ဒကာမတို့ စိတ်က ဘယ်နှယ့်ခေါ်ပါလိမ့်...

(လာရှုပါတဲ့ဘုရား) လာရှုပါဆိုတော့ ကိုဇောမောင်တို့က စိတ်ပေါ်တာကို လာမရှုရပေဘူးလား...(ရှုရပါဘုရား) သဘောကျလား...(ကျပါဘုရား) ဖေဟိက...(လာပါတဲ့ဘုရား) ပဿက...(ရှုပါတဲ့ဘုရား) ဟင်–သူက ဘယ်လိုများခေါ်ပါလိမ့်...(လာရှုပါတဲ့ဘုရား) လာရှုပါဆိုတော့ ခင်ဗျားတို့က ကျုပ်ကို အာရုံပြုပြီး နေပါလို့...။ ရှုပါလို့ ကျုပ်ဘာဖြစ်တယ်ဆိုတာ ခင်ဗျားရှုပါဆိုတာ မဂ္ဂင်ကို ခေါ်တာ...(မှန်ပါ) စိတ်ကို ဘယ်သူ့ကိုခေါ်တုံး...(မဂ္ဂင်ကို ခေါ်ပါတယ်ဘုရား) ရှင်းပြီနော်။

ဒါ–ဝိပဿနာ အလုပ်စစ်တွေကို ပေးနေတယ်...(မှန်ပါ) စိတ်က ဘယ်လိုခေါ်တုံး...(လာရှုပါတဲ့ဘုရား) လာရှုပါခေါ်တယ်၊ ဘယ်နှယ့်တဲ့...(လာရှုပါတဲ့ဘုရား) ဘယ်သူက ခေါ်တာတုံး...(စိတ်က ခေါ်တာပါဘုရား) ဒါဖြင့် ဒကာ,ဒကာမတို့ အရှုခံက အရှုဉာဏ်ကို ခေါ်သည်...(မှန်ပါ)။

**အရှုခံတရားက၊ အရှုဉာဏ်ကိုခေါ်တယ်**

အရှုခံတရားက...(အရှုဉာဏ်ကို ခေါ်ပါတယ်ဘုရား) အရှုခံတရားက အရှုဉာဏ်တရားကို ခေါ်တဲ့သဘော...(မှန်ပါ) သဘောကျပလား...(ကျပါဘုရား) အဲဒီလို ခေါ်တဲ့အခါကျတော့ ကိုတဲ့ ခေါ်လို့သွားတယ်...ခေါ်လို့က ခင်ဗျားတို့က ဥပမာ–လောဘစိတ်ကလေးပေါ်လာတယ်၊ အင်း–သူကကျုပ်လောဘပါ ပဲဆိုပြီးသကာလ ခင်ဗျားတို့က နောက်က လောဘဖြစ်တယ်လို့ မသိရပေဘူးလား...(သိရပါတယ်ဘုရား) သိတာ သူခေါ်လို့လာ

တာ...(မှန်ပါ) လောဘက ခေါ်လို့လာတာ၊ ကိုစောမောင် လောဘက မခေါ်ရင် မဂ္ဂင်က...(မလာပါဘုရား) မလာဘူးဆို တာ သေချာပလား...(သေချာပါဘုရား)။

ခေါ်တဲ့တရားကလည်း နာမ်၊ အခေါ်ခံရတဲ့ တရား လာမဲ့တရားကကော...(နာမ်ပါဘုရား) နာမ်ဆိုတော့ နှစ်ခုဖြစ် ကောင်းရဲ့လား...(မဖြစ်ကောင်းပါဘုရား) မဖြစ်ကောင်းတော့ သူက ခေါ်လည်းခေါ်တယ်...သူ့သဘောလည်း ပြောပြတယ်... (မှန်ပါ့) ရှင်းပလား...(ရှင်းပါဘုရား) ခေါ်လည်းခေါ်တယ် ...(သူ့သဘောလည်း ပြောပြပါတယ်ဘုရား) ခေါ်လည်းခေါ် တယ်ဆိုတာက ကျုပ်လောဘ ဖြစ်နေတယ်လို့ခေါ်တာ...။

ခေါ်တော့ ဒီကလည်း လာတယ်–မဂ္ဂင်ကလာတယ်၊ လောကီသမားက၊ လာတဲ့အခါကျတော့ကို ဒကာ,ဒကာမတို့ မရှိဘူး...(မှန်ပါဘုရား) သူသဘောသူစွန့်သွားတယ်၊ လောဘ သဘောက...(စွန့်သွားပါတယ်ဘုရား) ကျုပ်ဟာကျုပ်ကို ကျုပ် မနိုင်ဘူး။

**ပင်ကိုသဘောစွန့်တယ်**

ကျုပ်သည်ကား ဆိုလို့ရှိရင်ဖြင့်တဲ့၊ ကျုပ်သဘောစွန့်ပါပြီ ဆိုတဲ့အကြောင်းကို လာလိုက်တဲ့တရားကလည်း လာပါရောသူ့ ပင်ကိုသဘော စွန့်ပြီးသား ဖြစ်နေတယ်...(မှန်ပါဘုရား) မစွန့် ဘူးလား...(စွန့်ပါတယ်ဘုရား) အဲ–ပင်ကိုသဘောစွန့်ပြီးသား ဖြစ်နေတာကို ကိုစောမောင်က ဦးဘရှင်းတို့က မြင်ပါမှ လက္ခ

ဏာကိုသွားတွေ့တယ်...(မှန်ပါဘုရား) အနိစ္စလက္ခဏာကို သွားတွေ့တယ်၊ သဘောပါကြပလား...(ပါ,ပါပြီဘုရား) ဘာသွားတွေ့တုံး...(အနိစ္စ၏ လက္ခဏာကို သွားတွေ့တယ်) ရှင်းပလား...(ရှင်းပါတယ်ဘုရား)။

**အနိစ္စလက္ခဏာ တွေ့ရမယ်**

ဒါဖြင့် အနိစ္စတွေ့ရုံနဲ့၊ အနိစ္စဆိုတာ ဒီတရားလေးဟာ အနိစ္စရောက်မဲ့တရားလို့ သိတာ အနိစ္စပဲ...(မှန်ပါဘုရား) သဘောကျပလား...(ကျပါတယ်ဘုရား) လက္ခဏာကတော့ ဒီ တရားလာတဲ့အချိန် မရှိတာတွေ့မှ လက္ခဏာတွေ့မယ်... (မှန်ပါဘုရား) သဘောကျပလား...(ကျပါတယ်ဘုရား) ဒါဖြင့် အနိစ္စနဲ့လက္ခဏာ ဘယ်ဟာမိမှ အချိုးကျပါလိမ့်...(လက္ခဏာမိမှ အချိုးကျပါမယ်) ဒါ–သေသေချာချာမှတ်ပါတဲ့၊ ဒါ–အလုပ်စဉ်ကို သေသေချာချာပြောနေတယ်...(မှန်ပါဘုရား)။

သေသေချာချာ ပြောနေတာဆိုတာ ဒီဟာ ပြောရတာက ကျင်းပြီး ပြောရတာမဟုတ်တော့ ခင်ဗျားတို့ ထင်မြင်မှု ဂရုစိုက်ရတဲ့အတွက် ဩော်–အနိစ္စလက္ခဏာမြင်မှတို့သည်ကားဆိုလို့ ရှိရင် ပဋိစ္စသမုပ္ပါဒ် ပြတ်ပါလားဆိုတာမှတ်ပါ...(မှန်ပါဘုရား) ရှင်းပလား...(ရှင်းပါတယ်ဘုရား) ဘာမြင်မှဘာလိမ့်...(အနိစ္စ၏လက္ခဏာမြင်မှာပါ) ဖေဟိပဿိကောဆိုပြီး ရှေ့ပိုင်းက စိတ်ကလေးက ခေါ်တယ်...(မှန်ပါဘုရား) ခေါ်လို့လာတဲ့အခါကျတော့ ဉာဏ်သည်လာတဲ့တရားသည် ဘာကိုတွေ့သတုံးလို့ မေးလို့ရှိရင်

ကိုစောမောင် စိတ်တွေ့သလားတဲ့ စိတ်၏အနိစ္စလက္ခဏာကို တွေ့သလား...(အနိစ္စ၏လက္ခဏာကိုတွေ့ပါတယ်)။

**စိတ်တွေ့ဖို့ မဟုတ်ဘူး**

အဲ–စိတ္တာနုပဿနာလို့ ဆိုငြားသော်လည်းတဲ့ သူဟာ ပြောမဖြစ်လို့ပြောတာ...(မှန်ပါဘုရား) သဘောကျပလား... (ကျပါတယ်ဘုရား) စင်စစ်စိတ်တွေ့ဖို့မဟုတ်ပါဘူး...(မှန်ပါ) စိတ်၏အနိစ္စလက္ခဏာတွေ့ဖို့ပါ၊ သဘောပါပလား...(ပါ,ပါပြီ) စိတ်တွေ့ဖို့လား...(စိတ်၏အနိစ္စလက္ခဏာတွေ့ဖို့ပါ) စိတ်တွေ့နေလို့ရှိရင် ခင်ဗျားတို့ခက်ပြီ၊ စိတ်တွေ့နေလို့ရှိရင် ဒီကမ္မဋ္ဌာန်းဆရာ အလကားဆရာလို့ မှတ်ပါ...(မှန်ပါဘုရား) ရှင်းပလား...(ရှင်းပါတယ်ဘုရား) ခင်ဗျားတို့က တွေ့နေတဲ့ ပုဂ္ဂိုလ်လည်း အရှုးမို့လို့ တွေ့တယ်လို့ပြောတာ...(မှန်ပါဘုရား)။

နှစ်စိတ်ပြိုင်ကောင်းရဲ့လား...(မပြိုင်ကောင်းပါဘုရား) မပြိုင်ကောင်းဘူးဆိုတာ သေချာပြီမှတ်လား...(သေချာပါပြီဘုရား) ခေါ်တော့မခေါ်ဘူးလား...(ခေါ်ပါတယ်) ခေါ်တာ့ခေါ်တယ်နော်၊ ဥပမာမယ်– ခင်ဗျားတို့ ရှင်းသထက်ရှင်းအောင် ပြောမယ်ဆိုတော့ ခြင်လေးက ပခုံးကျောလည်မှာ ကိုက်နေတယ်ဆိုပါတော့ ကိုစောမောင်...(မှန်ပါတယ်ဘုရား) ကျောလည်မှာ ကိုက်နေတဲ့အခါကျတော့ ယားလား...(ယားပါတယ်ဘုရား) လက်ကလေးက သွားလိုက်တဲ့အခါကျတော့ ခြင် ရှိသေးလားလို့ မေးရင်...(မရှိတော့ပါဘူးဘုရား) ဩော်–ခြင် မရှိတော့ဘူး။

ဒါဖြင့် ခေါ်သာခေါ်တယ် ခြင်မတွေ့ဘူး၊ ဘာတွေ့သတုံး မေးတဲ့အခါကျတော့ ဖောက်ပြန်နေတာတွေ့တယ်၊ မယားတာမှ ယားတာတွေ့တယ်...(မှန်ပါဘုရား) မယားတာမှ ယားတာတွေ့တယ်၊ ဒါဖြင့် ဖောက်ပြန်နေတာပဲ...(မှန်ပါဘုရား) ပင်ကိုက အယားလား–မယားတာချုပ်သွားလို့ ယားတာပေါ်နေတာလား ...(မယားတာချုပ်သွားလို့ ယားတာပေါ်နေတာပါ) အဲ–ဖောက်ပြန်ပျက်စီးတာတွေ့မှ ကိုစောမောင် ပင်ကိုသဘောစွန့်တာ ခြင်ကို မတွေ့မှ သဘောကျပလား...(ကျပါတယ်ဘုရား)။

**စိတ်မရှိတာတွေ့ရမယ်**

ဒီမှာလည်း စိတ်က ခေါ်ကြားသော်လည်း ဘာမတွေ့မှတုံး ...(စိတ်မရှိတာ တွေ့မှပါဘုရား) သေသေချာချာမှတ်ပါ၊ သေသေချာချာ ရှင်းရှင်းလင်းလင်းပြောနေတယ်၊ စိတ်က ခေါ်ကြားသော်လည်း...(စိတ်မရှိတာတွေ့ရမှာပါ) ဘာတွေ့ရမှာတုံး...(စိတ်မရှိတာ တွေ့ရမှာပါ) အဲ–ခြင်ဆီလို့ လက်ကသွားသော်လည်း ခြင်မတွေ့စေနဲ့တဲ့၊ ခြင်သတ္တာ တွေ့ရင်ပြီးတာပဲ၊ သဘောကျပလား ...(ကျပါပြီဘုရား) ခြင်တွေ့နေလို့ရှိရင် ကိုစောမောင် ဘယ်နေရာကျမတုံး...(မကျပါဘုရား)။

ဒါက ဥပမာ ပြောတာနော်၊ ခုနင်က အစားလွန်ကဲနေတဲ့ ခြင်ကိုတော့ ခင်ဗျားတို့ ဖိသတ်ရင် တွေ့ချင်တွေ့မှာပေါ့ ဥပမာ ပြောတာပါ၊ သဘောပါပလား...(ပါ,ပါတယ်ဘုရား) ကောင်းပြီ၊ ဒါဖြင့် ဓဟိပဿိကော ဓဟိလာခဲ့ပါ၊ ပဿရူပါလို့ ဆိုကြားသော်

လည်း ကိုစောမောင်ရေ ရှုပါလာပါလို ခေါ်တာလည်း အမှန်၊ သွားလိုက်တဲ့အခါကျလို့ရှိရင်ဖြင့် ပင်ကိုသဘော စွန့်သွားတာ လည်းအမှန်၊ အဲဒီ ပင်ကိုသဘောစွန့်သွားတာလေး ဒကာ,ဒကာမ တွေ မြင်လို့ရှိရင် ညနေအားထုတ် မနက်ရပါတယ်... (မှန်ပါတယ်ဘုရား)။

မနက်အားထုတ်...(ညနေရပါတယ်) ညနေရပါတယ် ဆိုတာ ဘုရားဟောတာပါ...(မှန်ပါဘုရား)ကိုပေါ်ရှင်းပလား... (ရှင်းပါပြီဘုရား)

## အနိစ္စလက္ခဏာ မတွေ့ရသေး၍ မမှန်သေးဘူး

ဒါဖြင့် ကျုပ်တို့ရှုတဲ့အခါ ဘာတွေ့ဖို့ လိုပါလိမ့်ဗျာ... (ပင်ကိုသဘောကိုစွန့်သွားတာကို တွေ့ဖို့လိုပါတယ်) သဘောကျ ပလား...(ကျပါတယ်ဘုရား) အနိစ္စလက္ခဏာ မတွေ့သေးလို့ ရှိရင်ဖြင့်တဲ့၊ ဒကာ,ဒကာမတို့ တရားမမှန်သေးဘူးလို့ မှတ်ပါ။

ဒါ ရှုမှုရှိက်မှုတွေ ပြောတာမဟုတ်ဘူးနော်၊ တကယ့် နိဗ္ဗာန်တရားကို ပြောနေတာ၊ သဘောကျပလား...(ကျပါ တယ်ဘုရား) ရှုမှုရှိက်မှုတွေ ပြောနေတာမဟုတ်ဘူး၊ ရှုမှုရှိက်မှု တွေကတော့ ရှုတယ်ရှိက်တယ် သိနေပြီးတာပဲ၊ ဒါ–ပြီးနေတာပါပဲ၊ တကယ့် ဝိပဿနာကျလာတော့ ဇဟိပဿိကော လက်လွှတ်လို့ မရပါဘူး...(မှန်ပါဘုရား) သဘောကျပလား...(ကျပါတယ် ဘုရား) ဇဟိပဿိကောကို...(လက်လွှတ်လို့ မရပါဘူး) လက်လွှတ်လို့ ဘယ်ရမလဲ ကိုစောမောင်ရဲ့၊ ဇဟိ–လာခဲ့ပါ။

ပဿ–ရုပါဆိုတာက ချုပ်သွားတဲ့တရားက ခေါ်တာပါ။ ချုပ်သွားတဲ့တရားက ဘာခေါ်တာတုံး...(မဂ္ဂင်ကို ခေါ်တာပါ)။

## ရှိရာက မရှိတာမှ လက္ခဏာ

မဂ္ဂင်ကိုခေါ်တာ ရှင်းပလား...(ရှင်းပါတယ်ဘုရား) ချုပ်သွားတဲ့တရားက...(မဂ္ဂင်ကိုခေါ်တာပါ) အဲ–မဂ္ဂင်ကို ခေါ်တော့ မဂ္ဂင်ဒီနေရာရောက်တော့ ကိုစောမောင် သူ့ရှိသေးရဲ့လား...(မရှိတော့ပါဘူးဘုရား) ဒါဖြင့် မရှိခြင်းလက္ခဏာဟာ အနိစ္စလက္ခဏာ၊ မရှိခြင်း လက္ခဏာဟာ...(အနိစ္စလက္ခဏာပါ) ပင်ကိုတကယ် မရှိဘူးဆိုရင်လည်း ပညတ်ဖြစ်သွားပြီ...(မှန်ပါဘုရား) ရှိရာကို မရှိတာမှ လက္ခဏာ...(မှန်ပါဘုရား) သဘောကျပလား...(ကျပါတယ်ဘုရား)။

ပင်ကိုက မရှိလို့ရှိရင် ပညတ်၊ ပင်ကိုက မရှိရင်...(ပညတ်ပါ) အဲဒါကျတော့ ဖေဟိပဿိကောက မခေါ်ဘူး...(မှန်ပါဘုရား)ခေါ်ကြရဲ့လား...(မခေါ်ပါဘူးဘုရား) အဲဒါကြောင့် ဖေဟိပဿိကောကလည်းခေါ်ရမယ်၊ သဘောကျရဲ့လား...(ကျပါတယ်ဘုရား) ပြီးတော့ကို ခေါ်လို့ရောက်တဲ့ အချိန်မှာလည်း မရှိရဘူး...(မှန်ပါဘုရား) ဒီနှစ်ခုညီရင် ခင်ဗျားတို့ ခဏလေး ပေါက်ရောက်တော့မယ်၊ သဘောကျပလား...(ကျပါတယ်ဘုရား) ဒီနှစ်ခုညီရင်...(ခဏလေးပေါက်ရောက်တော့မှာပါ) ခေါ်တာက၊ အရှုခံတရားက ဖေဟိပဿိကော...(မှန်ပါ)။

ဖေဟိ–လာခဲ့ပါ၊ ပဿ–ရှုပါလို့ ခေါ်လဲခေါ်တယ် ကိုစော

မောင် ရှိလည်းမရှိဘူး၊ ခေါ်တာလည်း ဘယ်သူခေါ်တာတုံး... (အရှုဉာဏ်ကိုခေါ်တာပါ) အရှုဉာဏ်ကိုခေါ်တာ၊ အရှုဉာဏ်က လည်း သူဒီနေရာကို ဦးတည်လိုက်ပါရော ကိုစောမောင် ရှိသေးရဲ့လား...(မရှိပါဘူးဘုရား) ဒါဖြင့် ခင်ဗျားတို့တွေ့တဲ့အခါ ဘာတွေ့တုံးဆိုတော့ ဘယ့်နှယ်ဖြေကြမတုံး...(မရှိတာကို တွေ့ပါတယ်) မရှိတာကိုတွေ့တယ်ဆိုတာ မရှိတာ ဘယ်သူ၏ လက္ခဏာတုံး...(အနိစ္စ၏လက္ခဏာပါ)။

**အနိစ္စ၏ လက္ခဏာတွေ့မှအမှန်**

သူဟာ ပင်ကိုက အနိစ္စသဘော...(မှန်ပါဘုရား) ပင်ကိုက အနိစ္စတရားလေး၊ သဘောကျရဲ့လား...(ကျပါတယ် ဘုရား) အနိစ္စတရားလေးသွားပြီ ရှုလိုက်တဲ့အခါကျတော့ ဒါ သူ့လက္ခဏာ ဒီကလည်း ဖေဟိပဿိကောနဲ့ ခေါ်လို့လာလည်း လာပါရော သူလည်း မတွေ့တော့ဘူး...(မှန်ပါဘုရား) တွေ့သေး ရဲ့လား...(မတွေ့ပါဘူးဘုရား) မတွေ့တော့ အနိစ္စတွေ့သလား- အနိစ္စရဲ့လက္ခဏာတွေ့သလား...(လက္ခဏာတွေ့ပါဘုရား) လက္ခဏာတွေ့မှ အမှန်၊ ကိုစံလှ ရှင်းပလား...(ရှင်းပါတယ် ဘုရား)။

ဘာတွေ့မှတုံး (လက္ခဏာတွေ့မှပါဘုရား) ဒီလိုသာ ဘုန်းကြီး အခုပြောသလို ဒကာ,ဒကာမတွေ ဉာဏ်ထဲမှာ စိတ်ကလေးက ဥပမာ-ယားတဲ့ စိတ်ကလေး လက်မောင်းမှာပေါ် တယ်-ပေါ်တော့ ကိုစောမောင် အရင်ယားတဲ့ စိတ်ကလေးဆီကို

ဘုရားကနေပြီး ကြည့်လိုက်တဲ့အခါကျလို့ရှိရင် ဘုရားကခေါ်လို့ သွားရပကောဗျ...(မှန်ပါဘုရား) မသွားဘူးလား...(သွားပါတယ်ဘုရား) သွားတဲ့အခါ ယားတာကလေးကို မရှိတာ တွေ့ရတယ်၊ မရှိတာတွေ့ရင် သူ့လက္ခဏာတွေ့ရတယ်၊ သူက ပင်ကိုက အနိစ္စသာဆိုတယ် လက္ခဏာကို မပြောရသေးဘူး ကိုစောမောင်...(မှန်ပါတယ်ဘုရား)။

လက္ခဏာကို ပြောလိုက်တဲ့အခါကျတော့မှတဲ့၊ ဒကာ,ဒကာမတို့က သြော်–အနိစ္စဆိုတာ လက္ခဏာမှာ လမ်းဆုံးတယ်... (မှန်ပါဘုရား) အနိစ္စဆိုတာ...(လက္ခဏာမှာ လမ်းဆုံးတယ်) ဒါဖြင့် ခင်ဗျားတို့သုံးကြတဲ့ အာလုံး ဒကာ,ဒကာမတွေ သုံးနေကြတာအနိစ္စရှုဖို့ပ၊ ကိုစောမောင် မသုံးကြဘူးလား... (သုံးကြပါတယ်ဘုရား) အနိစ္စရှုဖို့ပဲ သုံးကြတယ်၊ ဒကာကြီးဦးလှိုင် ...(မှန်ပါတယ်ဘုရား) တွေ့တာက အနိစ္စတွေ့သလား–လက္ခဏာတွေ့သလား...(လက္ခဏာတွေ့ပါတယ်)ရှင်းပလား ...(ရှင်းပါတယ်ဘုရား)။

## အနိစ္စလက္ခဏာဆိုတာ

ဒါကြောင့် ဝိသုဒ္ဓိမဂ် အဋ္ဌကထာဆရာက အနိစ္စန္တိ ခန္ဓာပဉ္စကံ၊ အနိစ္စဆိုတာကွာ–ခန္ဓာငါးပါး ရှိနေတာဆိုတာပါ၊ သဘောကျပလား (ကျပါဘုရား) အနိစ္စလက္ခဏာဆိုတာ ဟုတ္တွာ အဘာဝတ္ထေန လက္ခဏာဟုတ္တွာဖြစ်ပြီး အဘာဝတ္ထေန ဟိုက မဂ္ဂင်လာတဲ့အခါ မရှိတာမှ သူ့လက္ခဏာကွ (မှန်ပါဘုရား)

ပေါ်ပလား...(ပေါ်ပါပြီဘုရား) မရှိတာမှ...(လက္ခဏာ) ရှင်းပြီ၊ ဒါဖြင့် ခင်ဗျားတို့ မှတ်စရာက ကိုစံလှတို့ သေသေချာချာ မှတ်၊ ရှိရာက မရှိတာ ဒါ–အနိစ္စလက္ခဏာ...(မှန်ပါဘုရား) ရှိရာက မရှိတာ...(လက္ခဏာပါဘုရား)။

ဒါကြောင့် ဒီမှာ ဧဟိပဿိကောနဲ့ တစ်လုံးတိုးလိုက်တယ်၊ သန္ဒိဋ္ဌိကောကို ခင်ဗျားတို့ လက်မလွှတ်နဲ့...(မှန်ပါဘုရား) ဧဟိပဿိကောက ခေါ်သမား၊ သဘောကျပလား...(ကျပါတယ် ဘုရား) ဧဟိပဿိကောက ခေါ်သမားလို့ ဆိုတဲ့အခါကျတော့ ဟောဒီတရားက သန္ဒိဋ္ဌိကော ဖြစ်ရမယ်...(မှန်ပါဘုရား) သူကိုယ်တိုင်မြင်ရတယ်...(မှန်ပါဘုရား) ဩော်–ရှိရာက မရှိဘူးလို့၊ သူက ဆုံးဖြတ်ချက်ချ၊ မဂ္ဂင်က ဆုံးဖြတ်ချက် ချလိုက်တဲ့အခါကျတော့ ဧဟိပဿိကောကို သန္ဒိဋ္ဌိကောနဲ့ လိုက်တယ်၊ လိုက်တော့ လက္ခဏာ သွားတွေ့တယ်...(မှန်ပါ ဘုရား)။

သဘောကျပလား...(ကျပါတယ်ဘုရား) ဧဟိပဋ္ဌိကော ဘာပါလိမ့် ကိုစောမောင်...(အခေါ်သမားပါ) အခေါ်သမား သက်သက်ခေါ်ပြီး ပြေးသလိုပဲ၊ ကိုစောမောင် ခေါ်ပြီးပြေးပြီးသကာလ သန္ဒိဋ္ဌိကောနဲ့ ကျုပ်တို့က ကိုယ်တိုင်မြင်အောင် လိုက်မယ် ဆိုပြီး လိုက်,လိုက်တဲ့အခါကျတော့ ခင်ဗျားတို့ ကျုပ်တို့ လက္ခ ဏာ သွားမတွေ့ဘူးလား...(တွေ့ပါတယ်ဘုရား) ဒါဖြင့် သန္ဒိဋ္ဌိ ကောနဲ့ လိုက်တဲ့အခါကျတော့ ဘာသွားတွေ့တုံး...(လက္ခဏာ တွေ့ပါတယ်ဘုရား) ဧဟိပဿိကော ခေါ်တုံးက ပေါ်စရှိသေး၊ သဘောကျပလား...(ကျပါတယ်ဘုရား)။

သန္တိဋ္ဌိကောနဲ့လည်း လိုက်လိုက်ပါရော ခုနင်က ဖြစ်နေတဲ့ တရားလေး သတ္တိတွေ စွန့်သွားတာသာ တွေ့တော့တယ်... (မှန်ပါဘုရား) ပေါ်ကြပလား...(ပေါ်ပါတယ်ဘုရား) ဘာတွေ့ပါ လိမ့်...(သတ္တိစွန့်သွားတာ တွေ့ပါတယ်ဘုရား) ဒါဖြင့် ဒီနှစ်ခု လွတ်လို့ မရဘူး...(မရပါဘုရား) ကိုပေါ် လွတ်လို့မရပါဘူး၊ အာလုံးနောက်က ဒကာ,ဒကာမတွေရော...(လွတ်လို့ မရပါ ဘုရား) ဒါ–နှစ်လုံးတည်း ပြောနေပြားသော်လည်း ကိုစောမောင် သဘောဆိုက်အောင် ပြောရတာမလွယ်ပါဘူး...(မှန်ပါဘုရား) ဦးဘရှင်း လွယ်ပါ့မလား...(မလွယ်ပါဘူးဘုရား)။

ကဲ–ဒါဖြင့် ပြန်ပြောတယ်၊ စိတ်ကလေးတစ်ခု ဒကာ, ဒကာမတွေ ဘယ်စိတ်က လာလာ ရှုပြီး ဘယ်စိတ်လာလာ စိတ်က ဘာလုပ်တတ်သတုံး မေးလို့ရှိရင် ဘယ်နှယ်ပြောကြမ တုံး...(ဖောက်ပြန်သဘောတဲ့ပါဘုရား) ဖောက်လာခဲ့ပါ၊ ပဿရှုပါ။ သူ့လာရှုပါချည်း မခေါ်ဘူးလား...(ခေါ်ပါတယ်ဘုရား) ခေါ်တော့ ခင်ဗျားတို့ ဘယ်ပါဠိတော်နဲ့ လိုက်မတုံး...(သန္တိဋ္ဌိ ကောနဲ့ လိုက်ပါမယ်) သန္တိဋ္ဌိကောနဲ့ သာမံပဿိတဗ္ဗော၊ သာမံ ကိုယ်တိုင် ပဿိတဗ္ဗော၊ မြင်အောင်လိုက်မယ်ဆိုပြီး လိုက်လိုက်တဲ့ အခါကျတော့ ကိုစောမောင်ရေ၊ ဟိုက ခေါ်ပြေးသွားတယ်... (မှန်ပါဘုရား)။

**လက္ခဏာတွေ့မှ အနိစ္စဉာဏ်**

ခေါ်လည်းခေါ် ပျောက်လည်းပျောက်တယ်...(မှန်ပါ

ဘုရား) လိုက်လိုက်တဲ့ အခါကျတော့ကိုတဲ့၊ အထည်တွေ့သလား–လက္ခဏာတွေ့သလား . . .(လက္ခဏာတွေ့ပါတယ်ဘုရား) လက္ခဏာတွေ့မှ အနိစ္စလက္ခဏာ၊ ဒါကြောင့် သူသည် အနိစ္စဉာဏ်သွားဖြစ်တယ်၊ လက္ခဏာမတွေ့ရင် အနိစ္စဉာဏ် မဖြစ်ဘူးတဲ့၊ ဝေဒနာ တွေ့နေလို့ရှိရင် ဒီဥစ္စာ အနိစ္စဉာဏ် မဖြစ်တဲ့အပြင် နာမပရိစ္ဆေဒဉာဏ် သွားဖြစ်တယ်၊ ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

## ပျက်မည့်တရားက အခေါ်သမား

ကိုယ်ပေါ် ဒါမလွယ်ဘူးနော် မလွယ်ဘူး၊ ဒကာ,ဒကာမတို့ ဒီနေ့တရားကို အထူးဂရုစိုက်ပြီး နာမှပဲ၊ ဦးဘရှင်းရေ လိုရင်းဆိုက်မယ် . . .(မှန်ပါဘုရား) အခုပြောနေတာမှ မဆိုက်သေးလို့ရှိရင်လဲ၊ ဒကာ,ဒကာမတွေ အတော်လေး အားထုတ်ရမယ် . . . (မှန်ပါဘုရား) ကဲ–ဒါဖြင့် အခုဓမ္မဂုဏ်တော် ၆–ပါးထဲမှာ ဒီနေ့ ဘယ်နှစ်လုံးသုံးပါလိမ့် . . .(နှစ်လုံးသုံးပါတယ်ဘုရား) ဧဟိပဿိကောက ရှေ့က အပျက်က၊ ပျက်မဲ့တရားက ခေါ်တာ သဘောကျပလား . . .(ကျပါတယ်ဘုရား) သန္ဒိဋ္ဌိကောက . . . (လိုက်ရမယ့်တရားပါဘုရား) လိုက်ရှုရမယ်။

## ဉာဏ်နဲ့လိုက်တော့ သူလက္ခဏာပဲ တွေ့တယ်

သာမံပဿိတဗ္ဗော၊ သာမံကိုယ်တိုင်ဆိုတာ ဉာဏ်ကို ပြောတာ . . .(မှန်ပါဘုရား) ဉာဏ်ကိုယ်တိုင်လိုက်တဲ့အခါကျတော့

ဘာတွေ့သတုံး...(လက္ခဏာတွေ့ပါတယ်ဘုရား) ဒါဖြင့် သန္တိဋ္ဌိကောလို့ ဆိုငြားသော်လည်း ဒကာ့ဒကာမတို့ စိတ်က သူ့ခေါ်တော့ ခေါ်တာအမှန်ပဲတဲ့၊ ခေါ်ပျောက်–ပျောက်ရ လိမ့်မယ်...(မှန်ပါဘုရား) သဘောကျပလား...(ကျပါတယ် ဘုရား) ခေါ်ရင်း မတ္တနဲ့...(ပျောက်ရပါတယ်ဘုရား) ပျောက်သွား တော့ကို သန္တိဋ္ဌိကောနဲ့လည်း ကိုစောမောင်တို့က လိုက်လိုက် ပါရောတဲ့ သူ့လက္ခဏာပဲသွားတွေ့တော့တယ်...(မှန်ပါဘုရား) ရှင်းပလား...(ရှင်းပါတယ်ဘုရား)။

ဘာတွေ့သတုံး––(သူ့လက္ခဏာပဲတွေ့ပါတယ်) အဲဒီလို ချည်း ဒကာ့ဒကာမတွေ ခေါ်တိုင်းလိုက်၊ လက္ခဏာတွေ့၊ ခေါ်တိုင်းလိုက်၊ ခေါ်တိုင်း...(လိုက်ရပါမယ်) ခေါ်တိုင်းလိုက်ရ မယ်၊ လိုက်တဲ့အခါ လက္ခဏာတွေ့၊ ဒါဖြင့် ခေါ်တာကိုလည်း ကိုစောမောင်အရေးကြီးတယ်...(မှန်ပါ) လိုက်တဲ့အခါ လက္ခဏာ တွေ့ဖို့လဲ...(အရေးကြီးပါတယ်ဘုရား) ဒါဖြင့် ခေါ်တာရှိမှ လိုက်တဲ့အခါလည်း လိုက်မှ...(မှန်ပါဘုရား) လိုက်တဲ့အခါ အထည်တွေ့နေ မှားမယ်...(မှန်ပါဘုရား) လိုက်တဲ့အခါကျတော့ အထည်တွေ့နေရင် မှားပါတယ်၊ အဲ–အထည်တွေ့နေရင် မှားပြီ ...(မှန်ပါဘုရား)။

## လက္ခဏာတွေ့မှ အမှန်

လက္ခဏာတွေ့မှ...(အမှန်ပါဘုရား) ဒကာကြီးလှိုင် သဘောပါရဲ့လား...(ပါ–ပါတယ်ဘုရား) ခေါ်လဲခေါ်မှာပဲ...

(မှန်ပါဘုရား) လိုက်လဲလိုက်ရမှာပဲ...(မှန်ပါဘုရား) လိုက်တဲ့အခါဘာတွေ့တုံး...(လက္ခဏာတွေ့ရပါမယ်ဘုရား) ဒါဖြင့် ခေါ်တုံးက ကိုစောမောင် သူတစ်ခုတည်း ဖြစ်နေတယ်၊ သဘောကျရဲ့လား...(ကျပါတယ်ဘုရား) လိုက်တဲ့တရား မဖြစ်သေးဘူး ...(မဖြစ်သေးပါဘူးဘုရား) မဖြစ်သေးဘူးတဲ့၊ နောက်–လိုက်တဲ့တရား ဖြစ်လာလို့ လိုက်–လိုက်တဲ့အခါကျတော့ ခေါ်တဲ့တရားမရှိဘူး...(မရှိပါဘူးဘုရား)။

ဒါကြောင့် လက္ခဏာတွေ့မှ ကိုက်တယ်...(မှန်ပါဘုရား) သဘောပါပလား...(ပါ–ပါတယ်ဘုရား) ဩော်–တော်တော်အရေးကြီးပါလား...(မှန်ပါဘုရား) ရှင်းကြပလား...(ရှင်းပါတယ်ဘုရား) ကိုစံလှကြီး ကျေကျေနပ်နပ် သဘောကျရဲ့လား ...(ကျပါတယ်ဘုရား) ဖေဟိပဿိကောက ဘာတုံး...(ခေါ်ပါတယ်ဘုရား) ခေါ်တာရှိတုံး ခေါ်တာ၊ သန္ဒိဋ္ဌိကောက အဲဒီအချိန်လိုက်နိုင်ပလား...(မလိုက်နိုင်ပါဘူးဘုရား)။

အင်း–ခေါ်တဲ့တရား ပျောက်သွားတော့မှ...(လိုက်ပါတယ်ဘုရား) လိုက်တဲ့အခါကျတော့ ဘာတွေ့တုံး...(မရှိတဲ့လက္ခဏာတွေ့ပါတယ်ဘုရား) မရှိတဲ့လက္ခဏာ မတွေ့ဘူးလား...(တွေ့ပါတယ်ဘုရား) ဒါဖြင့် ဘယ်သူမရှိတာတုံး မေးတဲ့အခါကျတော့ဖြင့် ခုနင်က ခေါ်တဲ့စိတ်ကလေး မရှိတာ... (မှန်ပါဘုရား) သဘောကျပလား...(ကျပါတယ်ဘုရား) ခေါ်တဲ့စိတ်ကလေး မရှိတာတွေ့တော့မှ အဲဒီကျတော့မှ ဩော်–ဘာမှမမြဲပါလားဆိုတာ ဒီက ဆုံးဖြတ်ချက်ချတာ...(မှန်ပါဘုရား)။

လိုက်တဲ့တရားက...(ဆုံးဖြတ်ချက်ချပါတယ်ဘုရား)

လိုက်လိုက်တော့ သူ့အထည်မှ မတွေ့တာပဲ...(မတွေ့ပါဘုရား) မမြဲတာ သြော်–ဒီနေရာက ခေါ်လည်း ခေါ်တယ်၊ ရှာလည်း မတွေ့ဘူးဆိုတာ ဒီလိုက်တဲ့ တရားက မသိဘူးလား...(သိပါတယ်ဘုရား) ခေါ်ကော...(ခေါ်ပါတယ်ဘုရား) လိုက်ကော ...(လိုက်ပါတယ်ဘုရား) လိုက်တော့ အထည်တွေ့ရဲ့လား... (မတွေ့ပါဘုရား) ဘာတွေ့တုံးဆိုတော့ လက္ခဏာပဲတွေ့တယ်။

## အဖြစ်က အခေါ်သမား

ဦးဘရှင်း ရှင်းပြီလား...(မှန်ပါဘုရား) ဘယ်တရားရှုရှု ဒီအတိုင်းသွားရမယ်...(မှန်ပါဘုရား) ပေါ်ပြီလား...(ပေါ်ပါပြီဘုရား) ဒါဖြင့် ဖြစ်–ပျက်ဆိုငြားသော်လည်း အဖြစ်က အခေါ် အပျောက်က လက္ခဏာပြ၊ ဒကာ,ဒကာမတို့ အဖြစ်က အခေါ်ပါ၊ အပျောက်က...(လက္ခဏာပြပါဘုရား) ဒါ–မှတ်ထားလိုက်ရင် ရှင်းပြီ၊ အဖြစ်က...(အခေါ်ပါ) အပျောက်က...(လက္ခဏာကို ပြပါတယ်ဘုရား) အပျောက်ဆိုတာ မရှိတာ၊ မရှိတဲ့ လက္ခဏာ ကိုပြတာ၊ ရှင်းပြီနော်...(ရှင်းပါပြီဘုရား)။

## အပျက်က လက္ခဏာပြတာ

ဒကာ,ဒကာမတို့ ဘယ်လိုမှတ်မတုံး...(မရှိတဲ့လက္ခဏာကို ပြပါတယ်ဘုရား) ကဲ–ဖြစ်,ပျက်ဗျာ၊ အဖြစ်က ဘာတုံး... (အခေါ်သမားပါဘုရား) အပျက်က (လက္ခဏာပါဘုရား) အဲ–လက္ခဏာပြတယ်ဆိုတော့ ဒါကမှသာလျှင်–ဟုတ္တာ အဘာဝတ္တေန

အနိစ္စံ သွားကိုက်တယ်၊ ဟုတ္တာဖြစ်၍ ကိုစောမောင် ဒီနေရာမှာ ပျက်တယ်၊ နားဖြစ်ဖြစ် မျက်လုံးထဲမှာဖြစ်ဖြစ်၊ ဘယ်ထဲဖြစ်ဖြစ် ပေါ့ဗျာ၊ သူ့နေရာနဲ့သူ မဖြစ်ပေဘူးလား...(ဖြစ်ပါတယ်ဘုရား) ဟုတ္တာ ဒီမျက်လုံးထဲမှာ ဖြစ်၍ အဘာဝတ္တေန ဒီသန္တွိကောက လိုက်,လိုက်တဲ့အခါ မရှိခြင်းသည်ပင်လျှင် ဒါ–သူလိုက်တဲ့အခါမှာ မရှိတာတွေ့ရမယ်...(မှန်ပါဘုရား)။

## မရှိတာတွေ့မှ မမြဲမှန်းသိမယ်

မရှိတာတွေ့မှ ဘာမှ မမြဲပါလားဆိုတာ မလာဘူးလား... (လာပါတယ်ဘုရား) ဒါဖြင့် ဘာမှ မမြဲပါလား ဆိုတာသည် ဒီလိုက်တဲ့ တရားက ပြောတာ...(မှန်ပါဘုရား) ဒါဖြင့် လိုက်တဲ့ တရားသည် ဒကာ,ဒကာမတို့ သူလိုက်တယ်–မလိုက်တယ်ဆိုတာ ဟာ ခင်ဗျားတို့ စဉ်းစားကြည့်ပါတဲ့၊ သူလိုက်လို့ လိုက်တာအမှန်ဆို ရင် ပဋိစ္စသမုပ္ပါဒ်ပြတ်တယ...(မှန်ပါ့) သူလိုက်တာ မမှန်ရင် မပြတ်ဘူးဆိုတာ သူနဲ့ပဲ ဒီဂရိ ထိုးကြည့်လိုက်တဲ့ အခါကျတော့မှ ကိုစံလှ ပေါ်သွားတယ်...(မှန်ပါဘုရား) ပေါ်ပလား...(ပေါ်ပါ တယ်ဘုရား)။

ဒါဖြင့် ဒကာ,ဒကာမတို့ ဖြစ်–ပျက်ရှုလို့ ဆိုငြားသော်လည်း ဘုန်းကြီးများက ရှင်းအောင် ပြောတာပါလို့ မှတ်လိုက်တာပေါ့ အဖြစ်က ခေါ်တယ်–အပျက်က လက္ခဏာပြတယ်...(မှန် ပါတယ်ဘုရား) အဖြစ်က ခေါ်ပါတယ်၊ အပျက်က...(လက္ခဏာ ပြပါတယ်ဘုရား) ဒါဖြင့် ဉာဏ်က ဘာတွေ့တုံး...အပျက်

တွေ့ပါတယ်ဘုရား) ဉာဏ်က လက္ခဏာ တွေ့ရတယ်... (မှန်ပါဘုရား) ရှင်းပလား...(ရှင်းပါတယ်ဘုရား) လက္ခဏာတွေ့ တော့မှ သူက အနိစ္စလက္ခဏာ၊ သူက မဂ္ဂသစ္စာ၊ ရှင်းပလား... (ရှင်းပါတယ်ဘုရား)။

## ဉာဏ်က မဂ္ဂသစ္စာ

မရှိတာကလေးက အနိစ္စလက္ခဏာ၊ ဉာဏ်က...(မဂ္ဂ သစ္စာပါဘုရား) မရှိတာလေးက...(အနိစ္စလက္ခဏာ)ဉာဏ်က ...(မဂ္ဂသစ္စာ) ဒါ–ကိုက်ရမယ် ဒကာဒကာမတို့၊ သဘောပါပ လား...(ပါ–ပါတယ်ဘုရား) ဒီလိုသာကိုက်မယ်ဆိုရင် ခင်ဗျားတို့ ခုနင်က ပြောတဲ့ ပါဠိတော်ပဲတဲ့၊ မနက်အားထုတ် ညနေရရမယ် ...(မှန်ပါဘုရား) မရဘူးလား၊ ညနေအားတုတ်ရင်...(မနက်ရပါ မယ်ဘုရား)။

ကိုင်း–ဒါဖြင့် အခုလက္ခဏာသိတဲ့ ဒကာ,ဒကာမတွေ ကျတော့ ကိုဇောမောင် အရင်လို တစ်ခါတည်း ဒါလေးဟာ စိတ်ကလေးပဲ ဆိုရုံနဲ့ ဒိဋ္ဌိကွာတာ မဟုတ်သေးရဲ့လား... (မဟုတ်ပါဘူးဘုရား) စိတ်ကို စိတ်မှန်းသိတော့ သညာနဲ့ ကွာ တာ...(မှန်ပါဘုရား) ခုတော့ လက္ခဏာလေး မြင်ရတဲ့အခါကျ တော့ဖြင့် လောကီပညာနဲ့ ကွာပါပြီ...(မှန်ပါဘုရား) ဘာနဲ့ ကွာတုံး...(လောကီပညာနဲ့ ကွာပါတယ်ဘုရား)။

**ဒိဋ္ဌိကွာပုံချင်း မတူဘူး**

လောကီပညာနဲ့ ဘာကွာသွားတုံးကိုစောမောင်၊ ဒိဋ္ဌိကွာပုံချင်းကို မတူဘူး...(မှန်ပါဘုရား) ပေါ်ကြပလား...(ပေါ်ပါပြီဘုရား) ရှင်းပြီနော်...(ရှင်းပါတယ်ဘုရား) အရင်ဟာက... (သညာကွာပါဘုရား)နောက်ဟာက...(လောကီပညာ ကွာပါဘုရား) လောကီပညာနဲ့ကွာတော့၊ ကိုစောမောင် ဝေဖန်ပါအုံး၊ ဪ–သညာနဲ့ ပညာကွာ၊ သညာကွာက အထည်ရှိပါလား... (မှန်ပါဘုရား) ပညာကွာက...(အထည်မရှိပါဘုရား)ဒီမှာထူးခြားသွားတယ်၊ မထူးခြားဘူးလား...(ထူးခြားပါတယ်ဘုရား)။

သညာကွာက (အထည်ရှိပါတယ်ဘုရား) ပညာကွာက (အထည်မရှိပါဘုရား) ကဲ–ဘယ်သူက ဒဏ်ချက်–ဉာဏ်ချက်ပြင်းသတုံး။ အကဲခတ်ကြည့်ပါ (ပညာက ဉာဏ်ဒဏ်ချက်ပြင်းပါတယ်ဘုရား) ပညာက၊ ဪ–ငါ့ကိုယ်ငါ့ဟာလုပ်စရာဘယ်ရှိမတုံး၊ မလာဘူးလား (လာပါတယ်ဘုရား) ဟို–ရှိနေတုန်းကတော့ ရုပ်–ရုပ်မှန်သိ၊ စိတ်–စိတ်မှန်းသိတုန်းကတော့ ဪ–ရှိတဲ့စိတ်က ပြောတာကိုဆိုတော့၊ အရှိခံနေတယ် ...(မှန်ပါတယ်ဘုရား)။

နည်းနည်းလေး အရှိခံနေသေးတယ်...(မခံဘူးလား) အခုတော့ သေသေချာချာ ဝိပဿနာ ဉာဏ်နဲ့လိုက်–လိုက်တဲ့အခါကျတော့ အရှိခံသေးရဲ့လား...(မခံတော့ပါဘူးဘုရား) မခံတော့ဘူးဆိုတော့ လက္ခဏာ မပြဘူးလား...(ပြပါတယ်ဘုရား) လက္ခဏာပြတော့ကိုတဲ့၊ ပြတာက လက္ခဏာ သိတာက မဂ္ဂသစ္စာ...(မှန်ပါဘုရား) ရှင်းပလား...(ရှင်းပါတယ်ဘုရား)။

## ပြတာက လက္ခဏာ၊ သိတာက မဂ္ဂသစ္စာ

ပြတာက...(လက္ခဏာပါ) သိတာက...(မဂ္ဂင်သစ္စာပါ) ဒီလိုဖြင့် ဒကာ,ဒကာမတို့ ဘုန်းကြီးက ရှင်းသထက်ရှင်းအောင် ပြောနေတယ်တဲ့၊ ဩော်–တယ်ခက်ပါလားလို့ ဒီလိုလည်း မယူနဲ့၊ ရှုလိုက်တော့ ဒါပဲတွေ့မှာပဲ...(မှန်ပါဘုရား) ရှုတော့ လက္ခဏာပဲ တွေ့မှာပဲ...(မှန်ပါဘုရား) ရှင်းပလား...(ရှင်းပါပြီဘုရား)ဟာ– တရားက ကြာလေခက်လေ, ကြာလေခက်လေ ရမှရနိုင်ပါ့မလား၊ ဒီဘက်ကို မသွားနဲ့...ရှုတဲ့အခါ ဒီနည်းအတိုင်း ဖြစ်လိမ့်ပြော တာ...(လက္ခဏာတွေ့ရပါမယ်ဘုရား) စိတ်လာရှု ဝေဒနာ လာရှု၊ ဒီနည်းအတိုင်းသွားမှာ...(မှန်ပါဘုရား) ပေါ်ကြပလား ...(ပေါ်ပါပြီဘုရား)။

ကောင်းပြီ–ဒါဖြင့် ကိုစောမောင် သေပျော်ပြီဆိုတဲ့ အမိပ္ပာယ် မရဘူးလား...(ရပါတယ်ဘုရား) ဒါဖြင့် နာမရူပ ပရိစ္ဆေဒကျမ်းကို ထည့်လိုက်ပါတဲ့၊ စိတ်လာတိုင်း–လာတိုင်း ကိုစောမောင်ရေ ဖဟိပဿိကောနဲ့ခေါ်လို့ သန္တဋ္ဌိကောနဲ့ လိုက်–လိုက်တာ၊ ဖဟိပ ဿိကောက ခေါ်လိုက်–အဖြစ်က ခေါ်လိုက်နော်၊ အလိုက်က လက္ခဏာတွေ့လိုက်၊ ဦးဘရှင်း ရှင်းပလား...(ရှင်းပါတယ် ဘုရား)။

အဖြစ်က ခေါ်သမား အပျက်က လက္ခဏာပြောသမား၊ သဘောကျပလား...(ကျပါတယ်ဘုရား) အဖြစ်က...(အခေါ် သမားပါဘုရား) အပျက်က လက္ခဏာပြောသမား၊ လက္ခဏာပြော လိုက်တယ်၊ သူ့လက္ခဏာဒါပါပဲ ပြောလိုက်တော့ ခင်ဗျားတို့

ဒိဋ္ဌိ မစင်ချင်လို့ ရအုံးမလား...(မရတော့ပါဘုရား) ခိုင်တာ၊ မြဲတာ ရှိသေးရဲ့လား...(မရှိတော့ပါဘုရား) ကျေနပ်ပလား... (ကျေနပ်ပါတယ်ဘုရား)။

## ပညာက ပွားရမယ်

ခိုင်တာမြဲတာ ငါကိုယ်ငါ့ဟာကော...(မရှိပါဘုရား) မရှိတော့ဘူးတဲ့၊ လောကီပညာက အင်မတန်ကောင်းပါတယ်၊ ဒါဖြင့် ပညာက တစ်ကြိမ်တည်း ဖြစ်ရမှာလား မေးတဲ့အခါ ကျတော့ဖြင့် ပဋိသမ္ဘိဒါမဂ်က ပညာဟာ ပွားရလိမ့်မယ်ဟော့... (မှန်ပါဘုရား) ဒီပညာဟာ ဘာတဲ့...(ပွားရမှာပါ)ဒါဖြင့် "ပရိပါက–ကမေနေဝံ၊ ပရိဘာဝိတဘာဝန ပရိစ္စဇန္တိ သခ်ါရေ၊ ပက္ခန္ဒတိ အသခ်တေ" သူ့ပါဠိ ဒီပါဠိသက်သက် ဘာတုံး ဆိုရင်ဖြင့် မင်း ကြပ်ကြပ် ပွားစမ်းပါတဲ့။

ဒကာ,ဒကာမတို့ စိတ်ပေါ်တိုင်း–ပေါ်တိုင်း ဒီက ဇဟိပဿိ ကောက ခေါ်၊ သန္တိဋ္ဌိကောက လိုက်၊ လက္ခဏာတွေ့၊ သဘော ကျပလား...(ကျပါတယ်ဘုရား) ဇဟိပဿိကောကခေါ်၊ သန္တိ ဋ္ဌိကောက...(လိုက်ပါတယ်ဘုရား)ဒီမဂ္ဂင်က လိုက်ပေါ့...(မှန်ပါ ဘုရား) ဘာတွေ့မတုံး...(လက္ခဏာတွေ့ပါမယ်) လက္ခ ဏာတွေ့ ကိုမြင့် ရှင်းပြီနော်...(ရှင်းပါပြီဘုရား) ကိုစံလှတို့ကော ...(ရှင်းပါပြီ) ဇဟိပဿိကောက ခေါ်ပါတယ်၊ သန္ဒဋ္ဌိကောက လိုက်တယ်၊ ဘာတွေ့တုံး...(လက္ခဏာတွေ့ပါတယ်) ဘယ်သူ ၏လက္ခဏာတုံး မေးတော့မှ အနိစ္စ၏ လက္ခဏာ ရှင်းပလား...

(ရှင်းပါပြီဘုရား)။

ဘာတွေ့ပါတုံး...(အနိစ္စ၏လက္ခဏာ) အနိစ္စ၏လက္ခဏာ သွားတွေ့တယ် ကိုစောမောင် ဘယ်သူ၏လက္ခဏာ သွားတွေ့တုံး...(အနိစ္စ၏ အလက္ခဏာ သွားတွေ့ပါတယ်) အနိစ္စ၏ လက္ခဏာ သွားတွေ့တယ်တဲ့၊ နွားတွေ တစ်ပုံကြီးရှိငြားသော်လည်း ကိုယ့်နွားကျတော့ ဘာမှတ်တုံးဆိုတော့ နွားတွေ မွေးထားတဲ့အထဲ ကိုစောမောင် ကိုယ်မွေးတဲ့နွား ရွေးချင်တဲ့ အခါကျတော့ကိုတဲ့၊ နွားချင်းအတူတူပဲတဲ့ လက္ခဏာကို သိပြီး ဖမ်းတယ်...(မှန်ပါဘုရား)။

## ကိုယ့်နွားမှန်း ဘာဖြစ်လို့ သိသတုံး

သဘောကျပလား...(ကျပါတယ်ဘုရား) နွားတွေအများကြီးရှိတဲ့အနက် ကိုစောမောင် နွားကလည်း အဲဒီအထဲမှာ ဝင်နေတယ်ဆိုတော့ ကိုစောမောင် သွားဖမ်းတဲ့အခါကျတော့ ဒို့ပြင်နွား ဖမ်းမလား ကိုယ့်နွားဖမ်းမလား...(ကိုယ့်နွားဖမ်းပါမယ်ဘုရား) ဟာ–နွားချင်းအတူတူ ကိုယ့်နွားဘာဖြစ်လို့ သိသတုံး မေးတော့ လက္ခဏာ မတူဘူးဘုရား။ ဘယ်လိုပါလိမ့်... (လက္ခဏာချင်း မတူပါဘူးဘုရား)။

ဒီမှာလည်း လက္ခဏာကို တွေ့ပါမှ ဒကာဒကာမတို့ ဟို အမှန်ရောက်ပါလိမ့်မည်...(မှန်ပါဘုရား) ရှင်းပလား...(ရှင်းပါတယ်ဘုရား) လက္ခဏာကိုတွေ့မှ ကိုယ့်ဟာအစစ်...(မှန်ပါဘုရား) လက္ခဏာမတွေ့ခင်တုန်းက မဟုတ်သေးဘူး၊ နွားတွေ

တစ်ပုံကြီးရှိတယ်...(မှန်ပါဘုရား) သဘောကျပလား...(ကျပါတယ်ဘုရား) ကဲ–ဒါဖြင့် ဒကာ,ဒကာမတို့ အနိစ္စနဲ့ လက္ခဏာကော ထူးပလား...(ထူးပါပြီ) နွားတွေလို့ ဆိုတုန်းက ဒါ–အနိစ္စတွေထားပါတော့ ကိုစောမောင်က သူ့ဟာရယ်လို့မှတ်ပြီးဖမ်းလိုက်တယ်၊ သူဘာကြည့်ဖမ်းတုံးမေးရင်...(လက္ခဏာကြည့်ဖမ်းပါတယ်ဘုရား)။

ဂျိုနေပုံ မတူဘူးကွ၊ အမွေးနေပုံ မတူဘူးကွ၊ ကိုစောမောင်မလာဘူးလား...(လာပါတယ်ဘုရား) အဲဒါ ဘာကြည့်ဖမ်းသတုံး...(လက္ခဏာကြည့်ဖမ်းပါတယ်) ဒါဖြင့် အနိစ္စရှုငြားသော်လည်း အနိစ္စတွေတစ်ပုံကြီးထဲက ခင်ဗျားတို့ ဉာဏ်ထဲမှာ မိရမှာက လက္ခဏာမိရမှာ မှတ်ပါ...(မှန်ပါဘုရား) ဘာမိရမှာတုံး (လက္ခဏာမိရမှာပါဘုရား) သဘောကျပလား...(ကျပါတယ်ဘုရား)။

## ဘယ်လောက်ထိအောင် မိရမှာတုံး

ဒါဖြင့် လက္ခဏာကို ဘယ်လောက်ထိအောင် မိရမှာတုံး ကိုစောမောင်ရေလို့ မေးတော့ ကိုယ့်သန္တာန်မှာ ပုထုဇဉ်သန္တာန်မှာပေါ်တဲ့ စိတ်တွေ ပေါ်တိုင်း–ပေါ်တိုင်း ဒါ လက္ခဏာမိအောင်လိုက်ပါ...(မှန်ပါဘုရား) သဘောကျပလား...(ကျပါတယ်ဘုရား) ပေါ်တိုင်း–ပေါ်တိုင်း...(လက္ခဏာမိအောင်လိုက်ရမှာပါ) လက္ခဏာမိအောင် လိုက်–လိုက်တဲ့အခါကျတော့ကိုတဲ့၊ ခင်ဗျားတို့ကျတော့ ဒီလက္ခဏာတွေချည်း တွေ့ပြီး တွေ့ပြီးနေတော့

ရှင်းသွားရော၊ လက္ခဏာတွေဟာဖြင့် အကုန်ပဲတွေ့ပြီဘုရား။

ဘယ်စိတ်မှ ဘယ်စိတ်ကယ်လို့ မဟုတ်ဘူးဘုရား တပည့်တော်ဖြင့် အဲဒီစိတ်ကလေးတွေဟာ နာမည်သာတပ်လိုက်ရတယ် တပည့်တော်တွေ့တာဖြင့် ပျက်စီးတဲ့လက္ခဏာလေးတွေပဲ တွေ့လိုက်ရတယ်...(မှန်ပါ) ရှင်းပလား...(ရှင်းပါဘုရား) ခင်ဗျားတို့ တွေ့တဲ့ခါကျတော့...(ပျက်စီးတဲ့လက္ခဏာပဲတွေ့ပါတယ် ဘုရား) ဒါဖြင့် လိုက်ပါများတော့...။ ပျက်စီးတဲ့ လက္ခဏာတောင်မှ ကိုစောမောင်ရေ မတွေ့တော့ဘူး...(မှန်ပါ) မတွေ့တော့ဘူး ...(မှန်ပါ) လိုက်ပါများတော့ (မတွေ့တော့ပါဘုရား) မတွေ့တော့ဘူး၊ ဒကာ,ဒကာမတို့ လိုက်ပါများတဲ့အခါကျတော့ မတွေ့တော့တာ ဘာဖြစ်လို့တုံးလို့ မေးဖို့မလိုဘူးလား...(လိုပါတယ်ဘုရား) မတွေ့တာက ဒီလိုပါတဲ့၊ ဒကာ,ဒကာမတို့ မတွေ့တာသည်ကားလို့ ဆိုလို့ရှိရင်...။

## ဉာဏ်ရင့်လာလို့ ပျက်စီးတဲ့လက္ခဏာ မတွေ့တာ

ဉာဏ်ရင့်လာလို့မှတ်၊ သဘောကျပလား...(ကျပါဘုရား) ဉာဏ်ရင့်လာရင်...(မတွေ့တော့ပါဘုရား) မတွေ့ဘူးသာ မှတ်ရမယ်နော်၊ လိုက်ပါများလာလို့ ဒီဉာဏ်ဘယ့်နှယ့်ကြောင့် ရင့်ပါလိမ့်မတုံး မေးတဲ့အခါကျတော့ သူသတ်တဲ့ ဒိဋ္ဌိက ဒကာ,ဒကာမတို့ ပါး-ပါးသွားလို့ မတွေ့တာ...(မှန်ပါ) ရှင်းပလား...(ရှင်းပါဘုရား) ဒါဖြင့် သူသတ်တဲ့ ဒိဋ္ဌိက ဝမ်းထဲမှာ အနုသယသဘောနဲ့ ကိန်းနေတာ။

## နိစ္စလက္ခဏာ သွားတွေ့တယ်

ရှင်းပလား...(ရှင်းပါဘုရား) အဲဒီ ကိန်းအောင်းနေတဲ့ တရားလေး ပျောက်သွားတဲ့အချိန်မှာ လက္ခဏာ မတွေ့တော့ဘူး၊ သဘောကျပလား...(ကျပါဘုရား) လက္ခဏာမတွေ့ဘူးဆိုတော့ အနိစ္စလက္ခဏာ မတွေ့တော့ဘူး၊ သဘောကျပလား...(ကျပါဘုရား) ဘာတွေ့မတုံးဘုရားလို့ မေးဖို့မလိုဘူးလား...(လိုပါဘုရား) အင်း–နိစ္စလက္ခဏာသွားတွေ့တယ်...(မှန်ပါ) ဒကာ,ဒကာမတို့ ဘာသွားတွေ့တုံး...(နိစ္စလက္ခဏာသွားတွေ့ပါတယ်ဘုရား)။

## နိစ္စလက္ခဏာတွေ့ရင် နိဗ္ဗာန်

လိုက်ပါများတော့...(နိစ္စလက္ခဏာတွေ့ပါတယ်) ပဌမ တော့ ခင်ဗျားတို့ ဘာတွေချည်း တွေ့နေမတုံး...(အနိစ္စလက္ခဏာ တွေချည်း တွေ့ပါတယ်) နောက်ကျတော့ အနိစ္စလက္ခဏာကို မတွေ့တော့ဘူး ကိုစောမောင်...(မှန်ပါတယ်ဘုရား) ဘာတွေ တွေ့နေတုံး...(နိစ္စကိုတွေ့ပါတယ်) ဒါဖြင့် နိစ္စလက္ခဏာတွေ့ရင် နိဗ္ဗာန်မှတ်...(မှန်ပါဘုရား) အနိစ္စလက္ခဏာတွေ့က ဝိပဿနာ ဉာဏ်မှတ်...(မှန်ပါဘုရား) နိစ္စလက္ခဏာတွေ့ရင်...(နိဗ္ဗာန်ပါ ဘုရား) နိဗ္ဗာန်ဆိုတော့ ဒါ–ဒိဋ္ဌိသေတဲ့ နိဗ္ဗာန်ကိုတွေ့တဲ့ အခါကျလို့ရှိရင် ဒါ–နိစ္စလက္ခဏာတွေ့တာပဲ...(မှန်ပါဘုရား)။

သဘောကျရဲ့လား...(ကျပါတယ်ဘုရား) ဒိဋ္ဌိ, ဝိစိကိစ္ဆာ သေတဲ့အခါကျတော့ နိစ္စနိဗ္ဗာန်...(မှန်ပါဘုရား) ဒိဋ္ဌိဝိစိကိစ္ဆာ မသေ့တသေ ဖြစ်နေလို့ရှိရင် အားနည်းရုံလေး ရှိနေသေးရင်...

(အနိစ္စလက္ခဏာပဲတွေ့မှာပါ) ဒါဖြင့် ဒကာ,ဒကာမတို့ ရှုပါများ လာတဲ့အခါကျတော့ကိုတဲ့၊ဇေဟိပဿိကောက အနိစ္စလက္ခဏာက လည်း အနိစ္စကလည်း မရှိဘူး။

**သင်္ခတမှ အသင်္ခတကူးတာအမှန်**

လက္ခဏာကလည်း မပြတော့ဘူးဆိုလို့ရှိရင် ဒီဉာဏ်သည် ဘာတွေ့မတုံး...(အနိစ္စလက္ခဏာတွေ့ပါတယ်) နိစ္စလက္ခဏာက နိဗ္ဗာန်၊ အနိစ္စလက္ခဏာက ဒကာ,ဒကာမတွေ သိတဲ့အတိုင်း သင်္ခါရသဘော...(မှန်ပါဘုရား) ရှင်းပလား...(ရှင်းပါတယ်ဘုရား) ဒါဖြင့် သင်္ခတသဘောက အသင်္ခတ ပြောင်းမယ်၊ သင်္ခတသဘောက...(အသင်္ခတ ပြောင်းပါတယ်ဘုရား) ရှင်းပလား...(ရှင်းပါတယ်ဘုရား) အနိစ္စလက္ခဏာသည် သင်္ခတ၊ ရှင်းပလား...(ရှင်းပါပြီဘုရား) နိဗ္ဗာန်သည်...(အသင်္ခတပါ ဘုရား) ဒါဖြင့် သင်္ခတမှ အသင်္ခတ...ကူးတာမှ တရားမှန် ...(မှန်လှပါဘုရား)။

သင်္ခတမှ...(အသင်္ခတသို့ ကူးတာမှ တရားမှန်ပါ) လုပ်တတ်ပလား...(လုပ်တတ်ပါပြီဘုရား) ဒါ–အနုရာဓ မဆက် နိုင်ဘူး ခင်ဗျားတို့ သင်ကြားနေတာနဲ့ နာရိစေ့သွားပြီ။

ကဲ–ယနေ့ ဒီတွင် တော်ပါဦး။

သာဓု...သာဓု...သာဓု

**မိုးကုတ်ဆရာတော်ဘုရား၏**

ဝိပဿနာတရားစဉ်နှင့်လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့ချုပ်၏

မူပိုင်ဖြစ်သည်

**မည်သူမျှ ကူးယူထုတ်ဝေခြင်း မပြုရ။**

| | |
|---|---|
| စာမူခွင့်ပြုချက်အမှတ် - - - - - - - | ၆၈၇/၂၀၀၀ (၉) |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် - - - - | ၆၆၂/၂၀၀၀ (၁၁) |
| ပုံနှိပ်ခြင်း - - - - - - - - - - - - - - | ပထမအကြိမ် |
| စောင်ရေ - - - - - - - - - - - - - - | ၃၀၀၀ |
| ထုတ်ဝေသည့်ကာလ - - - - - - - - | ၂၀၀၁ ခုနှစ်၊ ဖေဖော်ဝါရီလ |
| မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ - - - | ဦးတိုးဝင်း (မြ - ၀၂၄၃၁)<br>(နေလရောင်အော့ဖ်ဆက်)<br>အမှတ် (၉၆/ခ)၊ (၁၁)လမ်း၊<br>လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ |
| ထုတ်ဝေသူ - - - - - - - - - - - - - | ဦးအောင်ချို (မြ - ၀၈၃၁)<br>မိုးကုတ်ဝိပဿနာအဖွဲ့<br>(၈၂)၊ နတ်မောက်လမ်း၊<br>ဗဟန်း၊ ရန်ကုန်မြို့။ |